# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလကွယ်၊ ဗုဒ္ဓဟူးနေ့ ၊ (16-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၁၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့်အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# နေကြာသီးနှံ ပိုးမွှားရောဂါသတိပြုကာကွယ်ပါ

လူတို့၏စားသုံးမှုပုံစံများ၌ ဆီစားသုံးမှုသည် အဓိကအရေးပါသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိသကဲ့သို့ နေ့စဉ် ချက်ပြုတ်စားသုံးမှုတွင်လည်း စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။ မြန်မာတို့သည် ယခင်ကတည်းကပင် နှမ်းနှင့်မြေပဲမှရရှိသောဆီကို အဓိကစားသုံးခဲ့ကြသည်။ သို့သော် နှမ်းနှင့်မြေပဲသီးနှံအစေ့အဆန်ကို ပြည်ပသို့တင်ပို့မှု များပြားလာသောကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြသည်။

ယခုအခါ မြန်မာနိုင်ငံ၌ နေကြာသီးနှံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိုးချဲ့စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းစေရန်အတွက် နေကြာသီးနှံတွင် ကျရောက်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို သိရှိပြီး သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ပိုးမွှားရောဂါများကို စနစ်တကျကာကွယ်နှိမ်နင်းနိုင်ရန်အတွက် သီးနှံသက်တမ်းတစ်လျှောက် ပိုးမွှားများ၏ ကျရောက်ဖျက်ဆီးမှုအလေ့အထနှင့် ရောဂါများ၏ကူးစက်ပျံ့နှံ့မှုတို့ကိုလည်း သိရှိထားရန်လိုပေသည်။ နေကြာသီးနှံတွင် ပိုးမွှားရောဂါကျရောက်ပါက နေကြာအထွက် ၂၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းထိ ထိခိုက်စေနိုင်သည်။

နေကြာသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရန် ပိုးမွှားရောဂါများကို ဓာတုဆေးများ အလွန်အကျွံသုံး၍ ကာကွယ်နှိမ်နင်းပါက ပိုးမွှားရောဂါများသည် ဆေးယဉ်ပါးလာခြင်း၊ ပတ်ဝန်းကျင် ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ကုန်ကျစရိတ်များခြင်း၊ စားသုံးသီးနှံများတွင် ဓာတ်ကြွင်းအာနိသင်ကျန်ရှိခြင်း စသည်တို့ကြောင့် ဓာတုဆေးများကို လိုအပ်မှသာ သုံးစွဲကြရမည်ဖြစ်သည်။

ဖျက်ပိုးဟုဆိုရာတွင် သီးနှံများ၏အရည်အသွေး၊ အထွက်နှုန်းနှင့် မျိုးစေ့အပင်ပေါက်နိုင်စွမ်းတို့ကို ဖျက်ဆီးသော ပိုးမွှားရောဂါ၊ ကြွက်တို့ဖြစ်ပြီး အပင်နှင့် အပင်ထွက်ပစ္စည်းများကို စားသောက်ဖျက်ဆီးသည့်အပြင် ရောဂါများကိုပါ သယ်ဆောင်ပြန့်ပွားနိုင်သည်။ ထို့ပြင် နေကြာပွင့်စားပိုး၊ ရွက်စုံစားခူမွေးရှည်၊ ပိုးနဂါး၊ ဖြုတ်စိမ်းနှင့် ပျပိုးတို့ကြောင့်လည်း နေကြာသီးနှံများကို ပျက်စီးစေသည်။

ထို့ကြောင့် နေကြာသီးနှံများ ပိုးမွှားရောဂါမှကာကွယ်ရန် ရောဂါကင်းသောနေကြာမျိုးစေ့ကိုသုံးခြင်း၊ နေကြာမျိုးစေ့ကို ရောဂါသတ်ဆေးများဖြစ်သော ဟိုမိုင်း၊ တော့ပ်စင်၊ မက်တယ်လဇီကဲ့သို့သော ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့ပြင် ကြက်သွန်ဖြူစစ်ထုတ်ရည်ကို အသုံးပြုခြင်းဖြင့်လည်း ကာကွယ်နှိမ်နင်းနိုင်ပေသည်။

သို့ဖြစ်ရာ နေကြာသီးနှံတွင် ပိုးမွှားရောဂါကျရောက်ဖျက်ဆီးပါက သတ်မှတ်ရိတ်သိမ်းအပင်ဦးရေမရရှိခြင်း၊ တစ်ပွင့်ပါ အောင်စေ့လျော့နည်းခြင်းတို့ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် နေကြာစိုက်ဧက တစ်ဧကအထွက်တိုးစေရန်အတွက် နေကြာစိုက်တောင်သူများအနေဖြင့် နေကြာသီးနှံများတွင် ပိုးမွှားရောဂါများကျရောက်ခြင်းမှ အထူးသတိပြုကာကွယ်နှိမ်နင်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# MNA လေကြောင်းလိုင်းဖြင့် ကုန်ပစ္စည်းတင်ဆောင်ရာတွင် တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၁၅**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ဖြင့် ကုန်ပစ္စည်းတင်ဆောင်ရာတွင် တစ်ကီလိုဂရမ်လျှင် တင်ဆောင်ခ ငွေကျပ် ၂၀၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း (မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ ခရီးသည်တင်ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ အဆိုပါလေကြောင်းလိုင်းဖြင့် အဝတ်အထည်၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန် စသည့်ကုန်စည်များ ပို့ဆောင်ပါက ကုန်ပစ္စည်းတင်ဆောင်ခအနေဖြင့် ကုန်စည်၏အလေးချိန်ပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ MNA လေကြောင်းလိုင်းနဲ့ မန္တလေးကနေ ဟုမ္မလင်းနဲ့ ခန္တီးဘက်ကို စားသောက်ကုန်တွေ၊ အဝတ်အထည်တွေနဲ့ အခြားပစ္စည်းတွေ တင်ပို့မှုရှိပါတယ်"ဟု မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် ဩဂုတ်လ ဒုတိယပတ်မှစ၍ မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပူတာအို စသည့်မြို့များသို့ လူ ၁၆၄ ဦးဆံ့ Boeing-737 လေယာဉ်အမျိုးအစား လေးစင်း၊ လူဦးရေ ၁၀၀ ဆံ့ Embraer လေယာဉ်အမျိုးအစား နှစ်စင်း၊ လူဦးရေ ၇၀ ဆံ့ ATR လေယာဉ်အမျိုးအစား ကိုးစင်းတို့ဖြင့် ခရီးစဉ်များကို ဖြန့်ကြက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဘက်မှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေး အောင်မြေသာစံခရိုင် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဘက်မှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဘက်မှထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကားလေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိတွင် ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀၊ ၁၂၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ပြင်ဦးလွင်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ပန်းမုန်လာတွေ ဈေးကွက်အတွင်း နေ့စဉ်လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ပန်းမုန်လာတွေ ဈေးကောင်းရပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အောင်ပန်းနယ်ဒေသက ထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ တောင်သူတွေ စိုက်ပျိုးမှုကလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ သီရိမာလာကုန်စိမ်းဈေးမှာ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲသီး၊ ပဲတောင့်ရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံများရှိ အလုပ်သမားများကို ကျွမ်းကျင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချပေးသွားမည်

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံများရှိ အလုပ်သမားများကို ကျွမ်းကျင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းဆွေက ပြောပြ၍ သိရသည်။

အလုပ်သမားများသည် စက်ရုံများကို ကဏ္ဍအသီးသီး ဆိုင်ရာလုပ်ငန်းများအလိုက် နည်းပညာများ ပံ့ပိုးပေးခြင်းနှင့်အတူ ကျွမ်းကျင်လုပ်သားများဖြစ်စေရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများပို့ချပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က သင်တန်း ၁၁ ကြိမ် ပို့ချပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း အလုပ်သမားများသည့် စက်ရုံများတွင် ယခုလအတွင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်သမားများတဲ့ စက်ရုံတွေကို သင်တန်းတွေပို့ချပေးတာရှိပါတယ်။ စက်ရုံအလုပ်သမားတွေ ကျွမ်းကျင်တတ်မြောက်စေဖို့အတွက် လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာသင်တန်းပို့ချဖို့ စက်ရုံတွေက ကမ်းလှမ်းတာတွေရှိပါတယ်။ အဲဒါကြောင့် သွားရောက်ပြီးတော့ စက်ရုံလုပ်သားတွေကို သင်တန်းပို့ချပါတယ်။ အလုပ်သမားတွေလုပ်တဲ့ လုပ်ငန်းပိုင်းဆိုင်ရာအလိုက် နားလည်တဲ့ထိ အပြန်အလှန်ဆွေးနွေးပေးပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး သင်တန်းတွေပို့ချတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေဖို့ကိုလဲ သင်တန်းပို့ချတယ်။ စက်ရုံတွေမှာလုပ်တဲ့ အလုပ်သမားတွေကို ကဏ္ဍအသီးသီးအလိုက် သိရှိကျွမ်းကျင်တတ်မြောက်တဲ့ထိကို သင်တန်းတွေ ပို့ချပေးနေပါတယ်"ဟု ဦးမျိုးထွန်းဆွေက ပြောပြသည်။

အဆိုပါစက်ရုံများ၌ သင်တန်းများပို့ချပေးရာတွင် နည်းပညာရရှိရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဒေသတွင်းထုတ်ကုန်လုပ်ငန်းများ ပေါ်ထွက်လာစေရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်စေရေး စသည်ဖြင့် ကဏ္ဍအသီးသီး ဆိုင်ရာလုပ်ငန်းများအလိုက် ပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုက်လတ်မြို့နယ် ကျုံလမုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံလမုကျေးရွာအုပ်စု ကျုံလမုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျုံလမုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ကျိုက်လတ်မြို့နယ် ကျုံလမုကျေးရွာ၌ လမ်းအရှည် ပေ ၂၅၀၀၊ အကျယ် တစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၈၆ သိန်း၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာတွင်း သန့်ရှင်းသာယာလှပမှုရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

**ကိုလှိုင်**

# လက်ပံတန်းမြို့နယ်၌ VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**လက်ပံတန်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးအချက်အလက်များနှင့်စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လက်ပံတန်းမြို့နယ် ကံကုန်း၊ တော်ကလပ်ကလေး၊ ရင်းတိုက်ကွင်း၊ ဝက်လှချောင်း၊ ဆပ်သဖူးစု၊ တာဆုံးချောင်း၌၊ ပုတီမ်စု(အင်ကြင်းတောင်)နှင့် ဇလုပ်ကျေးရွာတို့မှ ကော်မတီဝင် ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက AVIP သင်ခန်းစာများကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်ထိ ငါးရက်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသက်စိုးထံမှ သိရသည်။

**သုတ**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံဧက ၁၂၀၁၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံဧက ၁၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၅၉၉၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မုံရွာမြို့နယ်မှာ ဒီနှစ် ဝါသီးနှံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဝါသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဒီနှစ်မှာ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်”ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဝါကြီး ၁၄၂၁ ဧက၊ မလိုင်ဝါ ၂၄၅၁ ဧက၊ မိုးကြိုချည်ချင်ရှည်ဝါ ၈၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၈၀၅၆ ဧက စုစုပေါင်းဧက ၁၂၀၁၀ တို့ဖြစ်ကြောင်း၊ ဝါသီးနှံလျာထားမှုအနေဖြင့် ဝါကြီး ၁၄၉၁ ဧက၊ မလိုင်ဝါ ၃၀၈၆ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၈၀၊ မိုးချည်မျှင်ရှည်ဝါ ၇၃၅၁ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၉၈၇ ဧက စုစုပေါင်း ၁၅၉၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ် မှန်ကန်စေရန်တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ်သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘုတ်ပြင်းမြို့နယ် ချောင်းကတုံးကျေးရွာ၌ ရေစုကန်တည်ဆောက်နေမှု စစ်ဆေး

**ဘုတ်ပြင်း ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကတုံးကျေးရွာ၌ ရေစုကန်တည်ဆောက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ချောင်းကတုံးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ချောင်းကတုံးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၂ သန်းဖြင့် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ငဖဲမြို့နယ် ပိုလ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**ငဖဲ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်၊ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ပန်းထိမ်းကျေးရွာအုပ်စု ပိုလ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။


ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ပိုလ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ပိုလ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယံလေး**



# ပျူဒင်္ဂါးများပေါ်မှ သီရိဝစ္ဆနှင့် ဘဒ္ဒပီဌ

မောင်သာ(ရှေးဟောင်းသုတေသန)

လွန်ခဲ့သည့် နှစ် ၂၀၀၀ ခန့်က မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ပျူယဉ်ကျေးမှုကာလတွင် တည်ထောင်ခဲ့သည့် မြို့ပြများ၊ တည်ဆောက်ခဲ့သည့် စေတီပုထိုးများကို ယနေ့တိုင်မြင်တွေ့ကြရသည်။ ထို့အတူ ပျူယဉ်ကျေးမှုအထောက်အထား ဒြပ်ရှိအမွေအနှစ်တစ်မျိုးဖြစ်သည့် ငွေဒင်္ဂါးများကို တူးဖော်မှုများမှ ရရှိခဲ့သည်။

ပျူတို့သည် ဒင်္ဂါးများကို မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြောင်း မသိရှိရသေးသော်လည်း သုတေသီများက ငွေကြေး သို့မဟုတ် အဆောင် သို့မဟုတ် အမှတ်လက္ခဏာတစ်ခုအဖြစ် အသုံးပြုခဲ့နိုင်ဖွယ်ရှိကြောင်း သုံးသပ်ကြသည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများမှ ရရှိခဲ့သည့်ဒင်္ဂါးများကို အစိုးရပြတိုက်များတွင် ပြသထားသကဲ့သို့ ပုဂ္ဂလိကစုဆောင်းသူတချို့တွင်လည်း ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားသည့် ဒင်္ဂါးများလည်းရှိခဲ့ပေသည်။

**ဒင်္ဂါးဟူသည်**

ဒင်္ဂါးဟူသည့် ဝေါဟာရသည် သက္ကတဘာသာစကား ဋင်္ကမှ ဆင်းသက်လာကာ မြန်မာအဘိဓာန်တွင် ဒင်္ဂါးကို အလေးချိန်၊ တန်ဖိုးသတ်မှတ်ကာ တံဆိပ်ခတ်နှိပ်၍ သွန်းလုပ်ထားသော ရွှေ၊ ငွေ စသည့်သတ္တုပြားဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မြန်မာနိုင်ငံတွင် ပျူခေတ်မှစတင်၍ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ အစရှိသည့် သတ္တုများဖြင့် ဒင်္ဂါးများသွန်းလုပ်ခဲ့သည့် အထောက်အထားများကို သုတေသီများက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။ ဒင်္ဂါးများကို အချုပ်အခြာအာဏာပိုင်ဆိုင်မှုအထိမ်းအမှတ်အဖြစ် သွန်းလုပ်ကြသကဲ့သို့ ငွေကြေးသုံးစွဲမှုစနစ်တစ်ရပ်အဖြစ်လည်း သွန်းလုပ်ခဲ့ကြသည်။

မြို့ပြတည်ထောင်နေထိုင်သည့် လူ့အဖွဲ့အစည်းပေါ်ထွန်းခဲ့ချိန်တွင် လူများကြား ငွေကြေးသုံးစွဲမှုစနစ်တစ်ရပ်ကို တီထွင်ခဲ့ရသည်။ ငွေကြေးကို မသုံးစွဲနိုင်မီက ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် မိမိတို့အလိုရှိသည့် ပစ္စည်းများကို တစ်ဦးနှင့်တစ်ဦး ရယူခဲ့ကြရသည်။ သို့သော် ကုန်ပစ္စည်းချင်းဖလှယ်မှုသည် တန်ဖိုးညီမျှမှု အတိအကျမရရှိသဖြင့် အဆင်ပြေချောမွေ့မှုမရှိခဲ့ချေ။ ထို့ကြောင့် ကုန်စည်ဖလှယ်ရေးတွင် လူတိုင်းလက်ခံနိုင်မည့် ကြားခံပစ္စည်းတစ်ခု လိုအပ်လာခဲ့သည်။ ၎င်းပစ္စည်းကို ကြားခံထား၍ ကုန်ပစ္စည်းဖလှယ်ကြလျှင် မိမိအလိုရှိသည့်ပစ္စည်းကို အလွယ်တကူရရှိမည်ဖြစ်သဖြင့် ကုန်စည်ဖလှယ်မှုကြားခံအဖြစ် ကျွဲ၊ နွား၊ ခရုခွံ၊ ကြွေစေ့ စသည်တို့ကို အသုံးပြုခဲ့ကြသည်။

လူမှုစနစ်များတိုးတက်လာချိန်တွင် ကြားခံပစ္စည်းအဖြစ် သက်ရှိသတ္တဝါများနှင့် ပစ္စည်းများအစား ရွှေ၊ ငွေ၊ ကြေး စသည့်သတ္တုများကို အသုံးပြုခဲ့ရာမှ ငွေကြေးစနစ် အစပြုခဲ့သည်။ ၎င်းသတ္တုပစ္စည်းများသည် ရှားပါးပြီး လုပ၍အဖိုးတန်သည့်အပြင် အပြားခတ်နိုင်သဖြင့် အစပိုင်းတွင် အတုံးလိုက်သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း အလေးချိန်သတ်မှတ်ချက်ဖြင့် ကုန်ပစ္စည်းများကို ဖလှယ်ခဲ့ကြသည်။ ထိုအခြေအနေမှတိုးတက်လာချိန်တွင် လွယ်ကူစွာသယ်ယူသိမ်းဆည်းနိုင်ရန် သွန်းနှိပ်ကြရာမှ ဒင်္ဂါးပြားများ ပေါ်ထွက်လာခဲ့သည်။

အုပ်စိုးသူများက ဒင်္ဂါးများကို အရည်အသွေးနှင့် အလေးချိန်သတ်မှတ်လျက် ငွေကြေးတစ်ရပ်အဖြစ် သတ်မှတ်ကာ အများပြည်သူများကို သုံးစွဲစေခဲ့သည်။ ဤသို့ဖြင့် ဒင်္ဂါးသည် စက္ကူငွေကြေးပေါ်ပေါက်ခဲ့ပြီးသည့်တိုင် အများပြည်သူသုံးစွဲသည့် ငွေကြေးဖြစ်နေဆဲဖြစ်သည်။ ရှေးဦးပိုင်းကာလများတွင် လူတစ်ဦး၏ ဒင်္ဂါးပြားပိုင်ဆိုင်မှုအရေအတွက်သည် ထိုသူ၏ကြွယ်ဝမှုကို တိုင်းတာသည့်ယူနစ်တစ်ရပ်ဖြစ်ခဲ့သည်။

ဒင်္ဂါးပြားများကို သွန်းလုပ်ရာတွင် အနိမ့်ဆုံးကိန်းပြည့်ငွေတန်ဖိုး (ဥပမာ-တစ်ကျပ်၊ တစ်ဒေါ်လာ)နှင့် ၎င်းတန်ဖိုး၏ ထက်ဝက်၊ လေးပုံတစ်ပုံ၊ ရှစ်ပုံတစ်ပုံ၊ ဆယ်ပုံတစ်ပုံစသည်ဖြင့် ကိန်းပြည့်တန်ဖိုးမရှိသည့် ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ရန် ခတ်နှိပ်ထုတ်ဝေခဲ့သည်။

ရွှေ၊ ငွေ၊ ကြေးသတ္တုများကို တန်ဖိုးသင့်သုံးစွဲခဲ့ကြရာမှ ကြားခံငွေကြေးအဖြစ် ဒင်္ဂါးများထုတ်လုပ်ပေးခဲ့သဖြင့် ပြည်သူများ၏ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အစိုးရ၏ အခွန်ကောက်ခံမှုလုပ်ငန်းများသည် များစွာ ထိရောက်သွက်လက်လာခဲ့သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံသည် ကြေးနီ ပဲနိစေ့ဒင်္ဂါးများကို ၁၇၉၃ ခုနှစ်တွင် သွန်းလုပ်ကာ ပြည်သူများကြားတွင် ဒင်္ဂါးများကို ပထမဆုံးလည်ပတ်သုံးစွဲခဲ့သည်။

**မြန်မာနိုင်ငံနှင့် ဒင်္ဂါးများ**

မြန်မာနိုင်ငံထုတ်ဒင်္ဂါးများအနက် ပျူဒင်္ဂါးများကို အစောဆုံးတွေ့ရှိခဲ့ကြပြီး ၎င်းတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း ပျူမြို့ဟောင်းသုံးမြို့အပြင် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသတချို့၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်း တွေ့ရှိခဲ့သည်။

အိန္ဒိယယဉ်ကျေးမှုများသည် အရှေ့တောင်အာရှဒေသများသို့ရောက်ရှိခဲ့သည့် အိန္ဒိယနိုင်ငံ ကုန်သည်များမှတစ်ဆင့် ဒေသတွင်းသို့ ပျံ့နှံ့ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဒင်္ဂါးဖြင့်ကုန်သွယ်သည့်စနစ်ကို ကျင့်သုံးနေချိန်တွင် အရှေ့တောင်အာရှနိုင်ငံများသည် ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်(Barter)ကို ကျင့်သုံးခဲ့သည်။ အိန္ဒိယယဉ်ကျေးမှုပျံ့နှံ့လာခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများတွင် အေဒီလေးရာစုနှင့် ငါးရာစုတွင် ဒင်္ဂါးများ သွန်းလုပ်သုံးစွဲခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှကုန်းမြေတွင် တွေ့ရှိခဲ့ရသည့် အစောဆုံးဒင်္ဂါးများသည် အိန္ဒိယဒင်္ဂါးများနှင့် အခြေခံအားဖြင့် တူညီ၍ အိန္ဒိယနိုင်ငံထုတ်ဒင်္ဂါးများတွင် ပါရှိသည့် အမှတ်လက္ခဏာများ ပါဝင်နေခဲ့သည်။ ၎င်းအမှတ်အသားများသည် ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှုများနှင့် ဆက်နွှယ်နေကာ မြင့်မြတ်မှု၊ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံမှု၊ တိုးတက်ကြီးပွားမှုစသည်တို့ကိုဖော်ညွှန်းသည့် သင်္ကေတများဖြစ်ကြသည်။

နိုင်ငံအသီးသီးသည် မိမိတို့ ကိုယ်ပိုင်အမှတ်လက္ခဏာများဖြင့် ဒင်္ဂါးများကို သွန်းလုပ်ခဲ့ကြသည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများအရ တစ်နိုင်ငံမှ ဒင်္ဂါးများကို အခြားတစ်နိုင်ငံတွင် တွေ့ရှိမှုများရှိခဲ့သည်။ အရှေ့တောင်အာရှဒေသ၏ မြို့ပြနိုင်ငံများဖြစ်ခဲ့သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ဝေသာလီ၊ ဒွါရာဝတီ၊ အယုဒ္ဓယ၊ ပရပထုမ်၊ ဖူနန်၊ အော့ဦးတို့တွင် ဒင်္ဂါးများကို အေဒီ လေးရာစုနှင့် ရှစ်ရာစုကြားတွင် အသုံးပြုခဲ့ကြသည်ဟု ယူဆခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပျူဒင်္ဂါး၊ ရခိုင်ဒင်္ဂါးနှင့် မွန်ဒင်္ဂါးများကို တွေ့ရှိရသော်လည်း ပုဂံခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တိုင် ဒင်္ဂါးများသုံးစွဲခဲ့သည့် အထောက်အထားများ မတွေ့ရှိရသေးချေ။

**ပျူဒင်္ဂါးများ**

ပျူခေတ်ဒင်္ဂါးများသည် အများအားဖြင့် တစ်ခုနှင့်တစ်ခုပုံသဏ္ဌာန် ဆင်တူယိုးမှားဖြစ်သည့် ငွေပြားများဖြစ်ကြသည်။ ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့မှ တူးဖော်တွေ့ရှိခဲ့သည့် ဒင်္ဂါးများကို ပျူဒင်္ဂါးများဟု ယေဘုယျအားဖြင့် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းတွေ့ရှိခဲ့သည့် ပျူဒင်္ဂါးများတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာရွာမှရရှိခဲ့သည့်ဒင်္ဂါးများသည် အရေအတွက်အများဆုံးဖြစ်သည်။

ပျူဒင်္ဂါးအများစုသည် ငွေဒင်္ဂါးများဖြစ်ကြသော်လည်း ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းမှရရှိခဲ့သည့် အရွယ်စုံပျူဒင်္ဂါး ၃၆ ပြားသည် ရွှေဒင်္ဂါးများဖြစ်ကြကာ ဒင်္ဂါးတွင် သီရိဝစ္ဆအမှတ်လက္ခဏာပါရှိသည်။

ပျူဒင်္ဂါးများ၏ထူးခြားချက်သည် တစ်နေရာတည်းမှ တွေ့ရှိသော ဒင်္ဂါးများဖြစ်သည့်တိုင် ဒင်္ဂါးပေါ်တွင် ခတ်နှိပ်ထားသည့်အမှတ်လက္ခဏာများသည် တစ်ခုနှင့်တစ်ခု အနည်းငယ်ကွဲပြားကြခြင်းဖြစ်သည်။ ထို့ပြင် ပျူဒင်္ဂါးများတွင် ရခိုင်ဝေသာလီဒင်္ဂါးများကဲ့သို့ သွန်းလုပ်သူဘုရင်အမည်၊ သက္ကရာဇ် စသည်တို့ကို ထည့်သွင်းခတ်နှိပ်ထားခြင်းမရှိချေ။

ပျူမြို့ဟောင်း သရေခေတ္တရာကို ထူထောင်ချိန်တွင် ရခိုင်မြို့ဟောင်း ဓညဝတီကိုတည်ထောင်ပြီးဖြစ်သကဲ့သို့ ပျူမြို့ဟောင်း ဟန်လင်းနှင့် ရခိုင်မြို့ဟောင်း ဝေသာလီတို့သည် ခေတ်ပြိုင်များဖြစ်ခဲ့ကြကာ ဒေသများအတွင်း ကူးလူးဆက်ဆံခဲ့သည့်အထောက်အထားတစ်ရပ်အဖြစ် ၁၉၈၅ ခုနှစ်တွင် တောင်ကုတ်မြို့နယ်မှ ပျူဒင်္ဂါးနှစ်ပြားကို တွေ့ရှိခဲ့သည်။

ပျူခေတ်ဒင်္ဂါးများကို သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့မှ အများဆုံးတွေ့ရှိခဲ့ရာတွင် ဒင်္ဂါးများ၏ မျက်နှာဘက်ရှိ သီရိဝစ္ဆ၊ ကျောဘက်ရှိ ဘဒ္ဒပီဌ သို့မဟုတ် တက်နေဝန်းပုံအမှတ်အသားများကို အခြေခံလျက် အမျိုးအစားများခွဲခြားထားရာ သရေခေတ္တရာတွင် ဒင်္ဂါးလေးမျိုး၊ ဟန်လင်းတွင် ဒင်္ဂါးသုံးမျိုးနှင့် ဗိဿနိုးတွင် ဒင်္ဂါးနှစ်မျိုးတွေ့ရှိရကြောင်း ဆရာကြီး ဦးမြင့်အောင်က သုံးသပ်ခဲ့သည်။

ယဉ်ကျေးမှုဆက်နွှယ်နေသည့် ပျူမြို့ဟောင်းများကြား ကူးလူးဆက်ဆံမှုများရှိခဲ့ရာ ဟန်လင်းဒင်္ဂါးတစ်ပြားကို သရေခေတ္တရာ ခင်ဘကုန်းမှ တွေ့ရှိခဲ့သည်။



ရှေးဟောင်းသုတေသနတူးဖော်မှုမှရရှိခဲ့သည့် ပျူဒင်္ဂါးများကို တွေ့ရစဉ်။

**ပျူဒင်္ဂါး၏ လက္ခဏာများ**

ပျူဒင်္ဂါးများတွင် အများဆုံးတွေ့ရှိရသည့် အမှတ်လက္ခဏာသည် သီရိဝစ္ဆဖြစ်သည်။ သီရိဝစ္ဆကို ဝယုမာန၊ ဝဓ်န၊ ဒိုင်း၊ တြိသူလ၊ တြိရတနာဟု အမျိုးမျိုးခေါ်တွင်ကြသည့်အနက် သီရိဝစ္ဆဟူသည့်အသုံးအနှုန်းက အများဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် သီရိဝစ္ဆကို ဒိုင်း၊ မှိန်း၊ နဂါးဟု ခေါ်တွင်သည်။

သီရိဝစ္ဆ၏ရှေ့ပြေးအမှတ်လက္ခဏာများကို အိန္ဒိယနိုင်ငံရှိ ဆန်ချီစေတီ တုရိဏ်တိုင်များ၊ မိဂဒါဝုန်မှ ကျောက်ဆစ်လက်ရာများ၊ အမရဝတီစေတီရှိ ဗုဒ္ဓခြေတော်ရာနှင့် ဂျိန်းဘာသာအဆောက်အအုံများတွင် တွေ့ရှိနိုင်သည်။ အန္ဓရဒင်္ဂါးများနှင့်ဆန်ချီဒင်္ဂါးများတွင်လည်း သီရိဝစ္ဆရှေ့ပြေးပုံစံများကို တွေ့ရှိရသည်။

သီရိဝစ္ဆသည် သက္ကတဘာသာစကား ဗြိဝတ္တမှ ဆင်းသက်လာပြီး ဗြိသည် သီရိနတ်သမီး၊ ဝတ္တသည် မြတ်နိုးဖွယ်ဟုအဓိပ္ပာယ်ရှိသည်။ ဗိဿနိုးနတ်မင်းကြီးက ကြင်ရာတော် လက်ချီမီးနတ်သမီးကို အချစ်သင်္ကေတအဖြစ် ပြုလုပ်ပေးခဲ့သည့် သီရိဝစ္ဆလက္ခဏာသည် ကြော့ကြော့မော့မော့ထိုင်နေကာ လက်နှစ်ဖက်ကို နွဲ့လျစွာမြှောက်ထား၍ ခြေနှစ်ဖက်ကို ကွေးထားသည့် နတ်သမီးပုံဟုဆိုသည်။ သီရိဝစ္ဆသည် မင်္ဂလာရှိခြင်း၊ ကျက်သရေရှိခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းဟူသည့် အနက်အဓိပ္ပာယ်ကိုဆောင်သည်။ ဗုဒ္ဓခြေတော်ရာ ၁၀၈ ကွက်တွင်ပါရှိသည့် အိမ်မွန်ဟုခေါ်ဆိုသည့် မွန်မြတ်သောနေရာသည် သီရိဝစ္ဆအမှတ်လက္ခဏာပင်ဖြစ်သည်။

သီရိဝစ္ဆ၏ စိန်တောင် သို့မဟုတ် သန်လျက်နေရာတွင် ခရုသင်းကိုထောင်လျက်လည်းကောင်း၊ သီရိဝစ္ဆအလယ်၌ ဘောဘောကြီးပုထိုးပုံကို တစ်ဖက်စီတွင် အစက်လေးစက်စီခြံရံလျက်လည်းကောင်း၊ သီရိဝစ္ဆအတွင်း၌ ဗိန္ဒုကိုးလုံးကို သုံးလုံးစီတန်းလျက်လည်းကောင်း၊ နဂါးနှစ်ကောင်ကြား၊ ထိပ်ပိုင်း၌ ဥကင်း၊ နေ၊ လတို့ကိုထည့်သွင်းလျက်လည်းကောင်း သီရိဝစ္ဆကို ယေဘုယျအားဖြင့် လေးမျိုးသွန်းလုပ်ခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။

ပျူဒင်္ဂါးများတွင်ပါရှိသည့် ခရုသင်းသည် ဗိဿနိုးနတ်မင်း၏လက်နက်ကို ရည်ညွှန်းသည်။ ဘာသာရေးအခမ်းအနားများနှင့် ဘုရင်တို့၏ ဘိသေကမင်္ဂလာတွင် လက်ယာရစ်ခရုသင်းကိုသုံးလေ့ရှိကာ ပျူဒင်္ဂါးများတွင်ပါရှိသည့် ခရုသင်းသည် အမြီးကောက်နေလေ့ရှိသည်။ နောက်ပိုင်းဒင်္ဂါးများတွင် ခရုသင်းနေရာ၌ အခြားအမှတ်အသားများကို သွန်းလုပ်ခဲ့ကြသည်။

ပျူဒင်္ဂါးများ၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည့် ဘဒ္ဒပီဌသည် ပလ္လင်ခုံ၊ ထိုင်ခုံတစ်ခုနှင့်တူကာ ဗုဒ္ဓ၏စက်လက္ခဏာ ၁၀၈ ကွက်တွင် ဘဒ္ဒပီဌပုံ ပါရှိသည်။ ဘဒ္ဒပီဌ၏ခါးလယ်တွင် ပန်းဖွား၊ ဖဲပြား၊ တံခွန်၊ နဂါးနှစ်ကောင် စသည့်အလှအပပုံများ ဖြည့်သွင်းထားသည်။ ဒေါက်တာ မစ်ချင်နာ(Dr.M Michiner) က ဘဒ္ဒပီဌကို ဟိန္ဒူဘုန်းကြီးများ ဓမ္မရွတ်ဆိုရာတွင် တီးသောဗုံဟုဆိုကြောင်းနှင့် ဘဒ္ဒပီဌသည် သီဝနတ်မင်းကြီး၏ အဆောင်အယောင်တစ်ခုဖြစ်သည့် ပလုတ်တုတ်နှင့်ဆင်ကြောင်း မြန်မာနိုင်ငံရှိ ရှေးဟောင်းဒင်္ဂါးများစာအုပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ အော့ဦး(Oc Eo)တွင် တွေ့ရှိခဲ့ရသည့် ဒင်္ဂါးပြားတစ်ခုတွင်ပါရှိသည့် သီရိဝစ္ဆပုံ၏ လက်ဝဲဘက် နဂါးဘေးတွင် ဘဒ္ဒပီဌ အသေးတစ်ခု ပါရှိနေကြောင်းတွေ့ရှိရပေသည်။ ထို့အတူ နေနှင့် လ အမှတ်လက္ခဏာများသည် ပျူဒင်္ဂါးများတွင် ပါရှိမြဲဖြစ်၍ နေသည် ဘုန်းတန်ခိုးအာဏာကို ကိုယ်စားပြု၍ လသည် အေးချမ်းသာယာခြင်းကို ကိုယ်စားပြုသည်။ သီရိဝစ္ဆ၏ညာဘက်တွင် နေကိုထားရှိ၍ ဘယ်ဘက်တွင် လကို ထားရှိသည်။ ပျူဒင်္ဂါးများတွင် နေကို ရောင်ခြည်တန်းများထည့်သွင်းသွန်းလုပ်ကာ ရခိုင်ဒင်္ဂါးများတွင် နေကို အဝိုင်းပုံသွန်းလုပ်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပျိုလေးတို့ ကောက်စိုက်ချိန်

- ရပ်ရှစ်ခွင် ညို့ညို့မှိုင်းပါလို့
ရှုလိုက်တိုင်း သာယာနေ၊
မိုးဒေဝါ ရေကြည်ဖျန်းတော့
စိမ်းလန်းစိုပြည်၊
တို့တောက လယ်ထဲမလေ
ပျိုလေးတွေ ကောက်စိုက်ဆင်း၊
ပြည့်ဝမ်းစာ အဟုတ်များဖို့
လုပ်အားဖြည့်တင်း။

- ယောက်မရေ သူငယ်ချင်းလို့
ခေါ်ရင်းနဲ့ တူပြိုင်ပြိုင်၊
ညီညီညာ လက်သွက်သွက်
စိုက်ချက်ကမြိုင်၊
ပြီးစီးမှ လယ်ကန်သင်းထိုင်
မျက်နှာချင်းဆိုင် ဝိုင်းဖွဲ့စား၊
ကောက်စိုက်ချိန် သဘောကျဖွယ်
တောအလှများ။

- ပျင်းဖို့အချိန် မရှိအား
အလုပ်သွားရ ဝသန်ခါ၊
တောလုံမေ ပျိုတစ်သင်းရဲ့
တေးချင်းသံသာ၊
ယောက်မလို့ ခေါ်တွင်ကာ
ပျော်ရွှင်စရာ ဓလေ့ထုံး၊
တင့်မှုဟန် သဘာဝရယ်
စာသမဆုံး။ ။

အရှင်ဝါယမ

# ငပုတောမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၆၂ ဧကစိုက်ပျိုးပြီးစီး

ငပုတော ဩဂုတ် ၁၅


ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၆၂ ဧကကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိမ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားဖိုဆောင်သီးနှံတွေကိုလဲ စိုက်ပျိုးပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို ၁၀၆၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခု စားဖိုဆောင်သီးနှံတွေကို လျာထားချက်အတိုင်း ဧကပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံကို ဒေသခံတောင်သူတွေက ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဈေးကောင်းရတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၆၂ ဧကကို ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာခွဲ ၁၈ ရွာမှ ဒေသခံတောင်သူများက အများဆုံး စိုက်ပျိုးကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံ ၁၀၆၂ ဧကတွင် ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ ဘူးသီး၊ သခွားသီး၊ ငရုတ်၊ ကောက်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်းထောင်ပဲ၊ ပဲပုစွန်း၊ ချဉ်ပေါင်၊ ဂျုံမြစ်၊ သခွား၊ ဘူးသီး၊ ရွှေဖရုံ၊ ပိန်းဥ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါးစသည့် သီးနှံများ စိုက်ပျိုးထားကြောင်း သိရသည်။

ကျော်ကျော်လင်း



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

# ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ရေတာရှည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေတန်းကျေးရွာအုပ်စု သပြေတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်အောင်သာနှင့် တာဝန်ရှိသူများက သပြေတန်းကျေးရွာ၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၄၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် မျိုးခေတ်ကျော် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၁၈ အိမ်၊ လူဦးရေ ၁၂၁၂ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက ပြောပြ၍ သိရသည်။

မောင်နိုင်

➤ စာမျက်နှာ ၄ မှအဆက်

ပျူဒင်္ဂါးများအနက် ဟန်လင်းဒင်္ဂါးများတွင် နေစွယ်များနှင့် ဗိသုကာ ဒင်္ဂါးတွင် တက်နေဝန်းများပါရှိသည်။ နေစွယ်များက တက်နေနှင့် မွန်းတည့်နေဟုခွဲခြားနိုင်ကာ တက်နေပုံကို စက်ဝိုင်းပြတ်ပုံသင်္ကေတန် မြင်တွေ့ကြရသည်။ ထို့အတူ သရေခေတ္တရာဒင်္ဂါး၏အလယ်တွင် ဗိန္ဒုများ ခြံရံနေသည့် ထုလုံးရုပ်စေတီပုံနှင့် သီရိဝစ္ဆ၏လက်ဝဲဘက်တွင် ဝရဇိန်လက်နက်ကို တွေ့ရှိကြရသည်။ ဒင်္ဂါးအလယ်တွင်ပါရှိသည့် ထုလုံးရုပ်စေတီပုံဟုယူဆသည့်အမှတ်အသားကို အချို့က သီဝနတ်၏ အထိမ်းအမှတ် လိင်္ဂလက္ခဏာဟု ယူဆမှုများလည်းရှိခဲ့သည်။

ပျူဒင်္ဂါးများ၏ဘေးတစ်ဖက်စီတွင် လက်တံလေးခုပါရှိသည့် စကြာ (သွတ္တိက)ပုံများကိုမြင်ရလေ့ရှိသည်။ လက်တံများ၏ထိပ်တွင် ဗိန္ဒုပြောက်တစ်ခုစီတပ်ဆင်ထားခြင်းသည် အရပ်လေးမျက်နှာသို့ ရောင်ခြည်များပြာထွက်ပုံဟု ယူဆကြသည်။ သွတ္တိကပုံကို ဗုဒ္ဓစက်လက္ခဏာ ၁၀၈ ကွက်တွင်လည်း တွေ့ရှိနိုင်သည်။ ပျူဒင်္ဂါးများတွင် သွတ္တိကပုံများကို သီရိဝစ္ဆ၏ ဝဲယာနှစ်ဖက်တွင် တွေ့ရှိရပြီး သီရိကျက်သရေဓာပေါင်းနှင့်ပြည့်စုံသည့် အမှတ်အသားဟုလည်း ယူဆကြသည်။

သရေခေတ္တရာဒင်္ဂါးများ၏ အောက်ခြေတွင်ပါရှိသည့် လှိုင်းတွန့်သင်္ကေတန်မျဉ်းကွေးများသည် အောမြဲ၍ သက်ရှိလောက၏ အသက်သခင်ဖြစ်သည့်ရေကို ဖော်ညွှန်းသည်။ ဩကာသလောကအဖြစ် တောတောင်နှင့် အင်္ဂလိရေပြင်ကို ၁၀၈ ကွက်စက်လက္ခဏာတွင်လည်း တွေ့ရှိကြရသည်။ ပျူဒင်္ဂါးများတွင်အမြဲပါရှိသည့် အမှတ်အသားသည် ဗိန္ဒုပြောက်များဖြစ်ကြကာ ၎င်းတို့ကို အဓိပ္ပာယ်အမျိုးမျိုးယူဆကြသည်။ ဘဒ္ဒပီဌ၏ ထိပ်တွင်ရှိသည့် ဗိန္ဒုပြောက်များကို ဤဘဒ္ဒကမ္ဘာ၏ ဘုရားငါးဆူဟုလည်းကောင်း၊ ငါးပါးသီလမြဲရန်နှိုးဆော်ချက်ဟုလည်းကောင်း၊ အနန္တော အနန္တငါးပါးကိုရည်ညွှန်းခြင်းဟုလည်းကောင်း ယူဆကြသည်။ ရခိုင်ဝေသာလီဒင်္ဂါးများတွင်ပါရှိသည့် ဗိန္ဒုပြောက်များကိုမူ ကောင်းကင်တွင် နက္ခတ်တာရာများနှင့် ကြယ်များ အမြဲထွန်းလင်းတောက်ပနေမှုကို ညွှန်းဆိုသည်ဟု ဆိုသည်။

ပျူဒင်္ဂါးများကဲ့သို့ပင် ရခိုင်ဒင်္ဂါးများတွင်လည်း အမှတ်လက္ခဏာများပါရှိရာတွင် သီရိဝစ္ဆ၊ ခရုသင်း၊ နေ၊ လ၊ ရေလှိုင်းတို့အပြင် နွားလားဥသဘ၊ သုံးခက်ပြာအမှတ်လက္ခဏာတို့ ပါရှိသည်။ ထူးခြားမှုတစ်ရပ်အဖြစ် စစ်တောင်းမြစ်ကမ်းမှရရှိခဲ့သည့် မွန်ဒင်္ဂါးတစ်ချပ်တွင် ဆင်ချွန်း(Ankusa) ပါရှိခဲ့သည်။ ၎င်းဒင်္ဂါးကို ငွေကြေးအဖြစ် သုံးစွဲခဲ့ဟန်မတူဘဲ ယုံကြည်ကိုးကွယ်မှုနှင့်ဆက်နွယ်သည့် အဆောင်လက်ဖွဲ့အဖြစ် အသုံးပြုခဲ့ဟန်ရှိကြောင်း သုံးသပ်ခဲ့ပေသည်။ အစောဆုံးမွန်ဒင်္ဂါးကို ဖူနန်ရှိ အော့ဦးနှင့်ဘင်္ဂလားဒေ့ရှ်ရှိ မန္တာမတီတွင် ထူးခြားစွာတွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း တွေ့ရှိခဲ့သည့် ရှေးဟောင်းပျူဒင်္ဂါးများတွင် ပြုလုပ်သည့် ခုနှစ်သက္ကရာဇ်ကို ခတ်နှိပ်ထားခြင်းမရှိသကဲ့သို့ ကမ္ပည်းစာတစ်ခုခုကို ထည့်သွင်းထားခြင်းလည်းမရှိချေ။ သို့သော် ရခိုင်ဒင်္ဂါးတချို့တွင် သက္ကရာဇ်နှင့် ဘုရင်အမည်များပါရှိခဲ့သည်။ ရှေးဟောင်းဒင်္ဂါးများကို ဘာသာရေးဆိုင်ရာ အဆောင်အယောင်အဖြစ် သုံးစွဲခဲ့သည် သို့မဟုတ် ငွေကြေးအဖြစ်သုံးစွဲခဲ့သည် ဆိုသည့်အချက်ကို အခိုင်အမာမသိရှိကြသေးပါချေ။

မြန်မာနိုင်ငံအတွင်း ပျူဒင်္ဂါး၊ ရခိုင်ဒင်္ဂါးနှင့် မွန်ဒင်္ဂါးများကို တွေ့ရှိခဲ့ရသော်လည်း ပုဂံခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်တွင် ဒင်္ဂါးများသွန်းလုပ်ခဲ့သည့်အထောက်အထားများကို မတွေ့ရှိရဘဲ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၈၂ ခုနှစ်ရောက်မှ ကျားတံဆိပ်ဒင်္ဂါးနှင့် ငါးတံဆိပ်ဒင်္ဂါးများကို စတင်သွန်းလုပ်ခဲ့သည်။ ရတနာပုံခေတ်တွင်မူ မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲမှုအစီအစဉ်များအရ ရတနာပုံဒေါင်းဒင်္ဂါးအပါအဝင် ဒင်္ဂါးများကို အများအပြားထုတ်လုပ်သုံးစွဲခဲ့သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်သွန်းလုပ်ခဲ့သည့် ဒင်္ဂါးများသည် ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာခိုင်မာသောအထောက်အထားများဖြစ်ကြကာ ပျူဒင်္ဂါးများ၏အမှတ်လက္ခဏာအဖြစ် သီရိဝစ္ဆနှင့် ဘဒ္ဒပီဌတို့သည် အလွန်ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်)
- မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန (ဦးမြင့်အောင်)
- မြန်မာ့ရှေးဟောင်းဒင်္ဂါးများ (ထွန်းရွှေခိုင်၊မဟာဝိဇ္ဇာ)

နိုင်ငံတကာ သတင်းများ

# အာတိတ်ဝေဟင်ဒေသ၌ ရုရှားလေတပ်မှမဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ပုံမှန်ပျံသန်းမှုပြုလုပ်



**မော်စကို ဩဂုတ် ၁၅**

ရုရှားလေတပ်မှ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် အာတိတ်ဒေသ နိုင်ငံတကာဝေဟင်အတွင်း ပုံမှန်ပျံသန်းမှုများ ပြုလုပ်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

ရုရှား မဟာဗျူဟာဗုံးကြဲလေယာဉ်များ အာတိတ်ဒေသနိုင်ငံတကာဝေဟင်အတွင်း ပျံသန်းမှုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်အတည်ပြုထားသည်။

အာတိတ်ဝေဟင်အတွင်း ပျံသန်းခဲ့သော ရုရှားရေတပ်လေယာဉ်များထဲတွင် တီယူ-၁၆၀ နှင့် တီယူ-၉၅ အမ်အမျိုးအစား တာဝေးပျံဗုံးကြဲလေယာဉ်များပါဝင်သည်။

အဆိုပါတာဝေးပျံမဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် နျူကလီးယားထိပ်ဖူးတပ် ခရုစ်ဒုံးကျည်များ သယ်ဆောင်ပျံသန်းနိုင်သည့်လေယာဉ်များဖြစ်သည်။

ရုရှား၏ မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် အာတိတ်ဝေဟင်အတွင်း ပျံသန်းကင်းလှည့်မှုမှန်သမျှကို နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ပြုလုပ်ခဲ့ကြကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

အာတိတ် ဝေဟင်အတွင်း ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သည့် မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ပျံသန်းမှုမစ်ရှင်မှာ ခုနစ်နာရီကျော်ကြာမြင့်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

KKO

# အစိုးရသုံးလေယာဉ်နှစ်စင်းကို အနားပေးရန် ဂျာမနီနိုင်ငံ စီစဉ်

**ဘာလင် ဩဂုတ် ၁၅**

ဘေးအန္တရာယ် လုံခြုံမှုဆိုင်ရာ ပြဿနာများကြောင့် နိုင်ငံခြားရေးဝန်ကြီး အန်နာလီနာဘေးယာဘော့ခ် အာရပ်စော်ဘွားများနိုင်ငံ အဘူဒါဘီမြို့၌ သောင်တင်ခဲ့ရပြီးနောက် သက်တမ်းအိုဟောင်းနေပြီဖြစ်သည့် အစိုးရသုံးလေယာဉ်များဖြစ်ကြသော အေ-၃၄၀ လေယာဉ်နှစ်စင်းကို ဂျာမနီလေတပ်က အနားပေးတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစိုးရသုံး အဲဘတ်စ်အေ-၃၄၀ လေယာဉ်နှစ်စင်းကို လာမည့်ရက်သတ္တပတ်များအတွင်း အနားပေးမည်ဖြစ်ကြောင်း ဂျာမနီလေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

မူလက ဂျာမနီလေတပ်သည် အဆိုပါ အဲဘတ်စ်အေ-၃၄၀ လေယာဉ်နှစ်စင်းကို ယခုနှစ်စက်တင်ဘာနှင့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းမှသာ အနားပေးရန် စီစဉ်ထားသည်။

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဘေးယာဘော့ခ်သည် ဩစတြေးလျ ခရီးစဉ်အတွက် ဘာလင်မြို့မှ ဩဂုတ် ၁၃ ရက်တွင် ထွက်ခွာခဲ့ရပြီး စီစဉ်ထားသည့်အတိုင်းဆိုလျှင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ဩဂုတ် ၁၄ ရက်တွင် ရောက်ရှိရမည်ဖြစ်သည်။


သို့သော် နိုင်ငံခြားရေးဝန်ကြီး ဘေးယာဘော့ခ်၏ လေယာဉ်မှာ စက်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဩစတြေးလျသို့ပျံသန်းနေစဉ်အဘူဒါဘီမြို့သို့ ပြန်လှည့်ခဲ့ရသည်။

ထို့ပြင် အဆိုပါလေယာဉ်သည် ဩဂုတ် ၁၄ ရက် ညပိုင်းတွင် ဩစတြေးလျခရီးစဉ်ကို ပြန်လည်စတင်ရန် ကြိုးပမ်းခဲ့သော်လည်း စက်ပိုင်းဆိုင်ရာ ပြဿနာသစ်တစ်ရပ်ကြောင့် အဘူဒါဘီမြို့သို့ ထပ်မံပြန်လှည့်ခဲ့ရကြောင်း သိရသည်။

KKO

# ပါကစ္စတန်နိုင်ငံအိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် လွှတ်တော်အမတ်ဟောင်း အန်ဝါအူလ်ဟက်ကာကာ ကျမ်းသစ္စာကျိန်ဆို

**အစ္စလာမ်မာဘတ် ဩဂုတ် ၁၅**



ပါကစ္စတန်အထက်လွှတ်တော် အမတ်ဟောင်း အန်ဝါအူလ်ဟက်ကာကာသည် ဩဂုတ် ၁၄ ရက်တွင် ပါကစ္စတန်အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း အေဗီသတင်းဌာနက ဖော်ပြခဲ့သည်။

အမျိုးသား ရွေးကောက်ပွဲများ ကျင်းပရေးအတွက် ဩဂုတ် ၉ ရက်တွင် လွှတ်တော်ကိုဖျက်သိမ်းခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံရေးခေါင်းဆောင်များသည်အန်ဝါအူလ်ဟက်ကာကာကို အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ကြသည်။

ဝန်ကြီးချုပ် အန်ဝါအူလ်ဟက်ကာကာဦးဆောင်သည့်အိမ်စောင့်အစိုးရအဖွဲ့သည် အမျိုးသားရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ပေးရမည်ဖြစ်သည်။

ရွေးကောက်ပွဲအတွက်အိမ်စောင့်အစိုးရခန့်အပ်မှုသည် ပါကစ္စတန်နိုင်ငံရေးနစ်၏ ထုံးတမ်းအစဉ်အလာတစ်ရပ်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ဖျက်သိမ်းပြီးပါက ရက်ပေါင်း ၉၀ အတွင်း အမျိုးသားရွေးကောက်ပွဲများ ကျင်းပရမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း ရာထူးမှဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# ရုရှားတောင်ပိုင်း၌ ဓာတ်ငွေ့ဆိုင်မီးလောင်မှုဖြစ်ပွား အနည်းဆုံး ဦးရေ ၃၀ သေဆုံး၍ ၁၀၅ ဦး ဒဏ်ရာရရှိ

**မော်စကို ဩဂုတ် ၁၅**

ရုရှားနိုင်ငံတောင်ပိုင်း ဒါဂျက်စတန်ဒေသရှိ ဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင်၌ ဩဂုတ် ၁၄ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ဦးရေ ၃၀ သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် မော်တော်ယာဉ်ပြင် အလုပ်ရုံတစ်ရုံ၌ စတင်ဖြစ်ပွားခဲ့ပြီး ဒါဂျက်စတန်ဒေသ မာခါချကာလာမြို့ အဝေးပြေးလမ်းဘေးရှိ ဓာတ်ငွေ့အရောင်းဆိုင်သို့ ဆက်လက်ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရ အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။


ဓာတ်ငွေ့ အရောင်းဆိုင်သို့ မီးကူးစက် လောင်ကျွမ်းစဉ် ပေါက်ကွဲမှုများလည်း ဖြစ်ပွားခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဓာတ်ငွေ့အရောင်းဆိုင်မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံးလူပေါင်း ၃၀သေဆုံးခဲ့ရသည့်အပြင် ၁၀၅ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အကျယ်အဝန်းစတုရန်းမီတာ ၆၀၀ အတွင်း လောင်ကျွမ်းနေသည့် အဆိုပါမီးကိုထိန်းချုပ်ရန် မီးသတ်သမားများအနေဖြင့် သုံးနာရီခွဲထိ အချိန်ယူခဲ့ရသည်။

ဓာတ်ငွေ့ အရောင်းဆိုင်မီးလောင်မှုအတွင်း ဒဏ်ရာရခဲ့သူများအနက် ၁၃ ဦးမှာ ကလေးများဖြစ်ကြကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

KKO



# ဒိုမီနီကန်နိုင်ငံ ဈေးနယ်မြေတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး သုံးဦးသေဆုံး၍ ဦးရေ ၃၀ ကျော် ဒဏ်ရာရရှိ

**စန်တိုဒိုမင်ဂို ဩဂုတ် ၁၅**

ဒိုမီနီကန်သမ္မတနိုင်ငံ စန်တိုဒိုမင်ဂိုမြို့အနီး ဈေးရောင်းဈေးဝယ်နယ်မြေတစ်ခု၌ ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးခဲ့ရကြောင်း အေဗီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် ဩဂုတ် ၁၄ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၃၀ ကျော်လည်း ဒဏ်ရာများရရှိခဲ့သည်ဟု ဒိုမီနီကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဩဂုတ် ၁၄ ရက် ပေါက်ကွဲမှုသည် စန်တိုဒိုမင်ဂိုမြို့ အနောက်ဘက်စန်ခရစ္စတိုဘယ်မြို့ရှိပေါင်မုန့်ဖိုတစ်ဖို၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူဦးရေ ၃၀ကျော်တို့မှာပေါက်ကွဲမှုကြောင့် ကသောင်းကနင်းဖြစ်နေစဉ်အတွင်း ပြေးလွှားရင်း ဒဏ်ရာရခဲ့သူများ ဖြစ်ကြသည်ဟု ဒိုမီနီကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို တိတိကျကျ မသိရသေးကြောင်း သိရသည်။

သို့သော် ပေါင်မုန့်ဖို၌ လောင်ကျွမ်းခဲ့သည့်မီးအနီးအနားရှိ ဆိုင်များထံ ဆက်လက်ကူးစက်ခဲ့မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်း ဖြစ်နိုင်ကြောင်း ဒိုမီနီကန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက ကွေကျိုး-၁ အေ ဒုံးပျံဖြင့် ဂြိုဟ်တုသစ်ငါးစင်းကို ဩဂုတ် ၁၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဩဂုတ် ၁၅**

တရုတ်နိုင်ငံသည် ကွေကျိုး-၁ အေ ဒုံးပျံဖြင့် ဂြိုဟ်တုသစ် ငါးစင်းကို ဩဂုတ် ၁၄ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသား တင်ပြထားသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် Head-3 အမည်ရှိ အသေးစားဂြိုဟ်တု ကွန်ရက်အတွက် အဆိုပါဂြိုဟ်တုများကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုများကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး မကြာမီမှာပင် ကွေကျိုး-၁ အေ ဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

၎င်းဂြိုဟ်တုငါးစင်းကို ကမ္ဘာ့ဂြိုဟ် လေ့လာစူးစမ်းရေးလုပ်ငန်းများအတွက် အဓိကထားသုံးစွဲမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၁၄ ရက် မစ်ရှင်သည် ကွေကျိုး-၁ အေ ဒုံးပျံများ၏ ၂၇ ခုမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO


## ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ်က လွှတ်တင်ပြီးနောက် ပထမဆုံးရိုက်ကူးထားသည့်ဓာတ်ပုံများကို ကမ္ဘာမြေသို့ပြန်လည်ပေးပို့ခဲ့

**မော်စကို ဩဂုတ် ၁၅**

ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ်သည် လွှတ်တင်ပြီးနောက် ပထမဆုံးရိုက်ကူးထားသည့် ဓာတ်ပုံများကို ကမ္ဘာမြေသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ၎င်း၏ ပထမဆုံးဓာတ်ပုံများကို ဩဂုတ် ၁၃ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဓာတ်ပုံများအရ လူနာ-၂၅ လဆင်းယာဉ်၏ စနစ်အားလုံး ပုံမှန်အတိုင်းလည်ပတ်နေမှုပြသနေကြောင်း ရုရှား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



လူနာ-၂၅ လဆင်းယာဉ်သည် လကမ္ဘာကို ငါးရက်မှ ခုနစ်ရက်ထိ လှည့်ပတ်ပြီးနောက် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ဆင်းသက်မည်ဖြစ်သည်။

ရုရှား အာကာသအေဂျင်စီသည် လူနာ-၂၅ လဆင်းယာဉ်ကို ဩဂုတ် ၁၀ ရက်က ဆိုယုဇ် ၂.၁ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ၁၉၇၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက လူနာ-၂၄ လဆင်းယာဉ်လွှတ်တင်ပြီးနောက်ပိုင်း ရုရှား၏ ပထမဆုံး လဆင်းယာဉ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ဆိုက်ခ်ီအာကာသယာဉ် လွှတ်တင်ပြီးချိန်တွင် အာကာသဟင်းလင်းပြင်အတွင်း မျိုးဆက်သစ်လေဆာဆက်သွယ်ရေးစနစ်ကို စမ်းသပ်မည်

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဆိုက်ခ်ီ အာကာသယာဉ်သည် လွှတ်တင်ပြီး ချိန်တွင် အာကာသဟင်းလင်းပြင်အတွင်း မျိုးဆက်သစ်လေဆာဆက်သွယ်ရေးစနစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီအမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီအာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါမစ်ရှင်အတွင်း ဆိုက်ခ်ီ အာကာသယာဉ်သည် DSOC အမည်ရှိ အာကာသ လေဆာ ဆက်သွယ်ရေးစနစ်တစ်မျိုးကိုလည်း စမ်းသပ်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာထားသည်။

ဆိုက်ခ်ီအာကာသယာဉ်က စမ်းသပ်မည့် DSOC လေဆာဆက်သွယ်ရေးစနစ်သည် သတင်းအချက်အလက်များကို မိုင်ပေါင်းသန်း ၂၀၀ အကွာမှတစ်ဆင့်ပေးပို့နိုင်ကြောင်း နာဆာ၏အဆိုအရ သိရသည်။

လွန်ခဲ့သည့် ၁၀ နှစ်ကလည်း နာဆာအဖွဲ့သည် ဥရောပအာကာသအေဂျင်စီနှင့်ပူးပေါင်း၍ လပတ်အာကာသယာဉ်တစ်စင်း၏ သတင်းအချက်အလက် မဂ္ဂါဘိုက် ၆၀၀ ခန့်ကို လေဆာစနစ်ဖြင့် စမ်းသပ်ပေးပို့ခဲ့ဖူးသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီ အာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာလအတွင်းလွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## အိပ်ရေးဝဝ မအိပ်ရသူများတွင် နှလုံးကျန်းမာရေးပြဿနာများ ရှိလာနိုင်

**နယူးယောက် ဩဂုတ် ၁၅**

အိပ်ရေးဝဝ မအိပ်ရသူများတွင် နှလုံးကျန်းမာရေးပြဿနာများ ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလုပ်ဆင်းရက် ငါးရက်အတွင်း တစ်ညအိပ်စက်ချိန်ငါးနာရီအောက်သာရှိခဲ့သူများတွင် နှလုံးခုန်နှုန်းမြန်လာပြီး သွေးဖိအားလည်း မြင့်တက်လာသည်ကို တွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၂၀ နှင့် ၃၅ နှစ်ကြား ကျန်းမာရေးကောင်းသူ ၁၅ ဦးကို ၁၁ ရက်ကြာအချိန်ယူ လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အိပ်ချိန်နည်းသူများ နှလုံးခုန်ချိန်သွေးဖိအားမှာလည်း ပျမ်းမျှ ၁၁၆ မီလီမီတာမာကျူရီမှ ၁၁၉ ဒသမ ၅ မီလီမီတာမာကျူရီခန့်ထိ မြင့်တက်လာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလုပ်ဝင်ရက် ငါးရက်အတွင်း အိပ်ချိန်နည်းမှုကြောင့် ပေါ်ထွက်လာသည့် အထက်ပါပြဿနာများကို သီတင်းပတ်ကုန် ပိတ်ရက်များ၌ အိပ်စက်ချိန် အဆတိုးမြှင့်တင်လိုက်သည့်တိုင် တားဆီးနိုင်မှုမရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## ပလတ်စတစ်မှုန်များကို လူသားတို့၏နှလုံးအတွင်း ဆေးပညာရှင်များ ပထမဆုံးအကြိမ် တွေ့ရှိထား

**ပေကျင်း ဩဂုတ် ၁၅**

အစားအစာထုပ်ပိုးပစ္စည်းများမှပေါ်ထွက်လာတတ်သည့် အလွန်သေးငယ်သော ပလတ်စတစ်မှုန်များ (Micro Plastics)ကို လူသားတို့၏ နှလုံးအင်္ဂါအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆေးပညာရှင်များက တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အရွယ်အစားအားဖြင့် အလျား ငါးမီလီမီတာ အောက်တွင်သာရှိတတ်သည့် အဆိုပါပလတ်စတစ်မှုန်များသည် အစားအစာထုပ်ပိုးပစ္စည်းများမှတစ်ဆင့် လေထုနှင့် အစားအစာများအတွင်း ရောက်သွားတတ်သည်။

တရုတ်နိုင်ငံ အန်ကျန်းဆေးရုံမှ ဆေးပညာရှင်များသည် နှလုံးခွဲစိတ်မှုခံယူထားသည့် လူနာများမှ ရယူထားသော နှလုံးတစ်ရှူးများနှင့် သွေးနမူနာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

ထိုသို့ လေ့လာရာတွင် နှလုံးတစ်ရှူးများနှင့် သွေးနမူနာများအတွင်း ပလတ်စတစ်မှုန်များ ရောက်ရှိနေမှုကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ရကြောင်း သိရသည်။

သွေးအတွင်းရှိ ပလတ်စတစ်မှုန်များသည် သွေးနီဆဲလ်များ၏ အပြင်ဘက် အမြှေးလွှာများ၌ တွယ်ကပ်နေပါက သွေးနီဆဲလ်များ၏ အောက်ဆီဂျင်သယ်ဆောင်နိုင်စွမ်း ထိခိုက်သွားနိုင်သည်။

ထို့ပြင် သွေးနီဆဲလ်များနှင့် နှလုံးအတွင်း ရောက်ရှိနေသည့် ပလတ်စတစ်မှုန်များကြောင့် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါများ ဖြစ်ပွားမှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရင်းနက်တိုက်စစ်မှူး ဒိုကူကိုခေါ်ယူရန် မန်စီးတီးအသင်း ကြိုးပမ်း

**မန်ချက်စတာ ဩဂုတ် ၁၅**

မန်စီးတီးအသင်းသည် အယ်အာလီအသင်းသို့ပြောင်းရွှေ့ခဲ့သည့် ကွင်းလယ် တိုက်စစ်ကစားသမား မာရက်ဇ်၏နေရာတွင် အစားထိုးရန်အတွက် ရင်းနက်အသင်းတိုက်စစ်မှူး ဒိုကူကိုခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ရင်းနက်အသင်းက ဒိုကူအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းအလိုရှိနေပြီး မန်စီးတီးအသင်းအနေဖြင့် ပေးချေနိုင်ပါက ချက်ချင်းထွက်ခွာခွင့်ပြုမည်ဟု ပြောကြားခဲ့သော်လည်း မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ကွာဟမှုဖြစ်နေသောကြောင့် ရင်းနက်အသင်းနှင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် မန်စီးတီးအသင်းသည် ရင်းနက်အသင်းကစားသမား ဒိုကူကိုခေါ်ယူရန် အဆင်မပြေခဲ့ပါက လိုင်ယွန်အသင်း တိုက်စစ်မှူး ဘာကိုလာကိုခေါ်ယူရန် စီစဉ်လျက်ရှိပြီး ၎င်းတို့ကို မာရက်ဇ်၏နေရာတွင် အစားထိုးသွားမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလ၌ ကွင်းလယ်ပိုင်းမှ ဂန်ဒိုဂမ်နှင့် မာရက်ဇ်တို့ ထွက်ခွာခဲ့သည့်အပြင် ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗား၏ အနာဂတ်မှာလဲ မရေရာမှုများရှိလာသောကြောင့် မန်စီးတီးအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ရင်းနက်တိုက်စစ်မှူး ဒိုကူ၊ လိုင်ယွန်တိုက်စစ်မှူး ဘာကိုလာတို့အပြင် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာကိုလည်း ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိတွင် အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သည့် ခံစစ်ကစားသမားဝေါ်လ်ကာသည်လည်း ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများ ပြုလုပ်နေသောကြောင့် ၎င်းကို စာချုပ်သက်တမ်းတိုး၍ ဆက်လက်ထိန်းသိမ်းရန် စီစဉ်နေရကြောင်း အသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ML



# ရိုးမားအသင်းက ရီနာတိုဆန်းချက်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့်အငှားစာချုပ်ဖြင့် ခေါ်ယူ



**ရောမ ဩဂုတ် ၁၅**

ရိုးမားအသင်းက ကွင်းလယ်ကစားသမားမာတစ်ကို လက်လွှတ်ခဲ့ရပြီးနောက် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီနာတိုဆန်းချက်နှင့် ရိုးမားအသင်းတို့၏ သဘောတူစာချုပ်တွင် ပီအက်စ်ဂျီအသင်းက အငှားစာချုပ်အတွက် ယူရို တစ်သန်းရရှိမည်ဖြစ်ပြီး စာချုပ်ကုန်ဆုံးပါက ယူရို ၁၅ သန်းဖြင့် ရိုးမားအသင်းက အပြီးသတ် ဝယ်ယူနိုင်မည်ဖြစ်ကာ ကစားသမားအနေဖြင့် အသင်းနှင့် ပွဲပေါင်း ၆၀ ရာခိုင်နှုန်းကျော်ပါဝင်ကစားနိုင်ခဲ့ပါက အပိုဆုကြေး ယူရို ၁၅ သန်း ထပ်မံရရှိမည်ဖြစ်သည်။

ထို့ပြင် ရိုးမားအသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ပါရီဒက်စ်ကိုလည်း ယူရို လေးသန်းဖြင့် အပြီးသတ်ခေါ်ယူရန် စွမ်းဆောင်နိုင်ခဲ့ပြီး လက်ရှိတွင် ကစားသမားနှစ်ဦးစလုံးသည် ဆေးစစ်မှုပြုလုပ်ရန်ရောမမြို့သို့ထွက်ခွာသွားခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်မည့် အသင်း၏လေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်နိုင်ရန်စီစဉ်နေကြောင်း သိရသည်။

ရိုးမားအသင်းသည်ဘဏ္ဍာရေးအခက်အခဲကြောင့် လက်ရှိအပြောင်းအရွှေ့ကာလ၌ အသင်းမှ မာတစ်နှင့်ခံစစ်ကစားသမား အီဗန်နက်တို့ကို ရောင်းချခဲ့သော်လည်း လိုင်ယွန်အသင်းမှ ဟော့ဆန်အာရာ၊ ဖရန့်ဖတ်အသင်းမှ အန်ဒစ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်လည်းကောင်း၊လိဒ်အသင်းမှ လော်ရန်တီနှင့်ခရစ်စတန်ဆန်ကို အငှားစာချုပ်ဖြင့်လည်းကောင်း ခေါ်ယူခဲ့ပြီး ငွေကြေးသုံးစွဲမှုပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ML

# မိုနာကိုအသင်းက ကွင်းလယ်ကစားသမား ဇာကာရီးယားကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ်ချုပ်ဆို

**ပဲရစ် ဩဂုတ် ၁၅**

ပြင်သစ်ကလပ် မိုနာကိုအသင်းက ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဇာကာရီးယားကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့်ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ ငါးနှစ် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဇာကာရီးယားသည် ၂၀၂၂ ခုနှစ်က ဂလာဘတ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ပြိုင်ပွဲစုံ ၁၅ ပွဲသာ ပါဝင်ကစားခဲ့ရပြီး သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက ချဲလ်ဆီးအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် မိုနာကိုအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ပြောင်းရွှေ့ခဲ့သည်။

အသက် ၂၆ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းတွင်အငှားစာချုပ်ဖြင့် သွားရောက်ကစားစဉ် ပြိုင်ပွဲစုံ ၁၁ ပွဲတွင်တစ်ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ရသောကြောင့် ချဲလ်ဆီးအသင်းက အပြီးသတ်ဝယ်ယူခွင့်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ပြီး ပုံမှန်ပွဲကစားခွင့်ရရှိမည့် အသင်းသို့သာပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

ကွင်းလယ်ကစားသမား ဇာကာရီးယားသည် ယခုအပြောင်းအရွှေ့ကာလတွင် မိုနာကိုအသင်းက ခေါ်ယူခဲ့သည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့ပြီး လာမည့် တနင်္ဂနွေနေ့တွင် ကစားရမည့် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် စထရာဘော့အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာဖွယ်ရှိသည်ဟု မိုနာကိုအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ML

# WBA Continental Latin America လိုက်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဘရာဗိုနှင့် မက်ဒီရာတို့ ထိုးသတ်မည်

**အော်လန်ဒို ဩဂုတ် ၁၅**

WBA Continental Latin America လိုက်ဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ပွာတိုရီကိုလက်ဝှေ့သမား ဘရာဗိုနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား မက်ဒီရာတို့ အမေရိကန်နိုင်ငံ အော်လန်ဒိုမြို့၌ ဩဂုတ် ၁၈ ရက်၌ ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ စိန်ခေါ်ပွဲကိုလည်း DAZN ကုမ္ပဏီက တာဝန်ယူစီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး DAZN ကုမ္ပဏီပိုင် ရုပ်သံလိုင်းမှတစ်ဆင့်တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟုထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဗိုသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန်လည်းရေပန်းစားနေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ဘရာဗိုသည် ပွာတိုရီကို၏ ပါရမီရှင်လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ကာ ၂၀၂၂ ခုနှစ်၏ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုဆွတ်ခူးထားသည့် ဘော့ဆန်းတိုစ် လေ့ကျင့်ပေးနေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

မက်ဒီရာသည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၇ ပွဲထိုးသတ်ခဲ့ပြီးနိုင်ပွဲ ၁၂ ပွဲ၊ ရှုံးပွဲနှစ်ပွဲနှင့် သရေပွဲ သုံးပွဲရလဒ်ရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ဘရာဗိုနှင့်မက်ဒီရာတို့၏စိန်ခေါ်ပွဲစဉ်ကို ဘရာဗို၏ Promoter ကုမ္ပဏီဖြစ်သည့် Most Valuable Promotions (MVP) ကုမ္ပဏီက "Most Valuable Promotions (MVP)၏ ပထမဆုံးသောလက်ဝှေ့ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အခုတစ်ကြိမ်ကတော့ ဒုတိယအကြိမ်ဖြစ်ပါတယ်။ DAZN ကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဒုတိယမြောက် လက်ဝှေ့ပြိုင်ပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ဘရာဗိုနဲ့ မက်ဒီရာတို့ပွဲစဉ်ကို အဓိကပွဲစဉ်အနေနဲ့ ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ဘရာဗိုတို့ပွဲစဉ်က ကြီးကျယ်ခမ်းနားတဲ့ပွဲစဉ်ဖြစ်လာမှာပါ။ ဘရာဗိုက ပွာတိုရီကိုရဲ့ ပါရမီရှင်လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲမှာ သူ့ရဲ့ စွမ်းဆောင်ရည်တွေကို မြင်တွေ့ရလိမ့်မယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ AZL




## အားကစားသတင်း အတိုအထွာများ

- ၂၀၂၃အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အမျိုးသမီးအသင်းက ဆွီဒင်အမျိုးသမီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲစဉ်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။
- ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သည့် ခံစစ်ကစားသမား လန်ဂလက်က ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိသည်။
- နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစားသမား တင်ဘာအနေဖြင့် ကာလရှည်အနားယူရမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- ချဲလ်ဆီးအသင်းက ပဲလေ့စ်အသင်းကွင်းလယ်ကစားသမား အိုလစ်ဆီကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် သစ္စာအားမာန်အသင်းက Sports & Education အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ




**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့်Sports & Educationအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၃၅ မိနစ်တွင် ခင်မိုမိုထွန်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန်မိနစ် ၄၀ ၌ မိုးမိုးသန်းက Sports & Education အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်း၌ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း အပြန်အလှန် ဖိအားပေးမှုများ ရှိခဲ့သော်လည်း ပွဲပြီးဆုံးခါနီးတွင် သစ္စာအားမာန်အသင်းက ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ဖိအားပေးခဲ့ရာ ပွဲချိန် ၈၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မြတ်နိုးခင်က လည်းကောင်း၊ပွဲချိန် ၈၉ မိနစ်တွင် ခင်စန်းလွင်ကလည်းကောင်း သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။ STA

# ကမ္ဘာ့အဆင့်(၁) အမျိုးသမီးဂေါက်သီးရိုက်ကစားသမားနေရာသို့ လီလီယာဗူ တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Rolex Women's World Golf Rankings က အမျိုးသမီးဂေါက်သီးရိုက်လောက၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဩဂုတ် ၁၄ ရက်က ထုတ်ပြန်ခဲ့ရာ အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူက ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း LPGA က ယနေ့တွင် ဖော်ပြခဲ့သည်။

လီလီယာဗူသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီ၌ အောင်မြင်မှုများရရှိခဲ့ပြီး ပျမ်းမျှရမှတ် ၈ ဒသမ ၂၈ မှတ်ဖြင့်ကမ္ဘာ့အဆင့်(၁)နေရာကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခင်ကမ္ဘာ့အဆင့်(၁)နေရာတွင် အကြိမ်ကြိမ်ရပ်တည်ခဲ့ဖူးသည့် ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက ပျမ်းမျှရမှတ် ၇ ဒသမ ၈၁ မှတ်ဖြင့်ကမ္ဘာ့အဆင့်(၂)နေရာနှင့် ဂျင်ယန်းကိုက ပျမ်းမျှရမှတ် ၇ ဒသမ ၁၄ မှတ်ဖြင့်ကမ္ဘာ့အဆင့်(၃) နေရာတွင်ရပ်တည်နိုင်ခဲ့သည်။

ပြင်သစ် ဂေါက်သီးရိုက်မယ် ဘောက်တီယာက ပျမ်းမျှရမှတ် ၇ ဒသမ ၀၃ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၄)နေရာတွင်လည်းကောင်း၊ တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်က ပျမ်းမျှရမှတ် ၆ ဒသမ ၅၃ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၅)နေရာတွင်လည်းကောင်း ရပ်တည်ခဲ့ကြသည်။

လီလီယာဗူသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ကမ္ဘာ့အဆင့်(၁)နေရာကိုရရှိခဲ့သည့် စတုတ္ထမြောက်မြောက်အမေရိကတိုက်မှ ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး မကြာသေးမီက ကျင်းပခဲ့သည့် AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယမြောက် အဓိကဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ကာ ယင်းဆုဖလားကြောင့်ပင် ကမ္ဘာ့အဆင့်(၆)နေရာမှ ကမ္ဘာ့အဆင့် (၁)နေရာသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# အေအက်ဖ်စီဖလားပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် DPMMအသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အေအက်ဖ်စီဖလားပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ်ကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် DPMMအသင်းတို့ ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြ မစ္စတာဂက်ဇီ၊ အသင်းခေါင်းဆောင် ဒေးဗစ်ထန်းနှင့် DPMM အသင်းမှ နည်းပြနှင့် အသင်းခေါင်းဆောင်တို့တက်ရောက်ခဲ့ကြပြီး သတင်းထောက်များ၏ မေးမြန်းမှုများကိုဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနည်းပြမစ္စတာဂက်ဇီက "မနက်ဖြန်မှာကစားမဲ့ပွဲစဉ်အတွက်ကျွန်တော်တို့ဖိအားမရှိဘဲနိုင်ပွဲအတွက်သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော် ရန်ကုန်ယူနိုက်တက် အသင်းကိုရောက်တာ မကြာသေးဘူးဆိုပေမဲ့ အသင်းက ကစားသမားတွေအကြောင်းကို ကောင်းကောင်းသိပါတယ်။ ကျွန်တော်တို့အသင်းမှာ အရည်အသွေးအပြည့်ရှိတဲ့ လူငယ်ကစားသမားတွေရှိလို့အလားအလာကောင်းတဲ့ အသင်းတစ်သင်းပါ။ ပြိုင်ဘက်အသင်းကဘရူနိုင်းကလပ်အသင်းဆိုပေမဲ့ စနစ်တကျစုဖွဲ့ထားတဲ့အသင်းတစ်သင်းဖြစ်လို့ကျွန်တော်တို့ အထင်သေးလို့တော့မရပါဘူး။ ပြိုင်ဘက်ကိုအနိုင်ယူပြီး နောက်တစ်ဆင့် တက်ရောက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟုပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် အေအက်ဖ်စီဖလားပြိုင်ပွဲ၌ ခြေစစ်ပွဲအဆင့်မှဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး DPMM အသင်းနှင့် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# Cincinnati Masters တင်းနစ်ပြိုင်ပွဲမှ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာ နုတ်ထွက်

**ဝင်ဝင်နာတ ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့၌ကျင်းပလျက်ရှိသည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စင်စင်နာတီမြို့သို့ ရောက်ရှိနေသည့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာသည် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း Infinity သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် စဗစ်တိုလီနာသည် ပထမအဆင့်၌ ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဒဏ်ရာကြောင့် ယှဉ်ပြိုင်ကစားနိုင်မည်မဟုတ်တော့ဘဲ စဗစ်တိုလီနာနေရာ၌ ပြင်သစ်တင်းနစ်မယ် ဂရာချီဗာနှင့် အစားထိုးခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

စဗစ်တိုလီနာသည် ယခုနှစ် တင်းနစ်ရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်သူဖြစ်ပြီး ခြေဖဝါးဒဏ်ရာကြောင့် Cincinnati Masters တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကာ ကမ္ဘာ့အဆင့်(၁) နေရာ၌ ရပ်တည်နိုင်ရေးအတွက် Cincinnati Masters တင်းနစ်ပြိုင်ပွဲ၌အောင်မြင်မှုရရှိရန် ပစ်မှတ်ထားလျက်ရှိသည်။

စဗစ်တိုလီနာသည် Cincinnati Masters တင်းနစ်ပြိုင်ပွဲ၌အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်လေ့ကျင့်မှုပြုလုပ်နေသော်လည်းကံမကောင်းစွာဖြင့် ဒဏ်ရာရခဲ့ခြင်းကြောင့် စိတ်ပျက်ဝမ်းနည်းမိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ကူဝိတ်ယူ-၂၃ အသင်းကို မြန်မာယူ-၂၃ အသင်း တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



**ရန်ကုန် ဩဂုတ် ၁၅**

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံ၌ရောက်ရှိနေသည့် မြန်မာယူ-၂၃ အသင်းသည် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ STB Academy တွင် ကူဝိတ်ယူ-၂၃ အသင်းနှင့်ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာယူ-၂၃ အသင်းအနေဖြင့် ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ ကူဝိတ်ယူ-၂၃ အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့်သာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ကူဝိတ်အသင်းက ပွဲချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ငါးမိနစ်တွင် ဆယ်မန်အယ်ဝက်ဟီက ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၂၃ အသင်းက ကူဝိတ်ယူ-၂၃အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က)တွင် အိမ်ရှင် ထိုင်းယူ-၂၃ အသင်း၊ ကမ္ဘောဒီးယားယူ-၂၃ အသင်း၊ ဘရူနိုင်းယူ-၂၃ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် မြန်မာယူ-၂၃အသင်းသည် ဩဂုတ် ၁၇ ရက်တွင် အိမ်ရှင် ထိုင်းယူ-၂၃ အသင်းနှင့် စတင်ကစားသွားမည်ဖြစ်ပြီး လက်ကျန်အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၉ ရက်တွင် ကမ္ဘောဒီးယားယူ-၂၃ အသင်းနှင့်လည်းကောင်း၊ဩဂုတ် ၂၁ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဘရူနိုင်းယူ-၂၃အသင်းနှင့် လည်းကောင်း အသီးသီး ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များဖွဲ့စည်းရန် ပြင်ဆင်နေသော အိန္ဒိယ



အိန္ဒိယအစိုးရသည် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ (ITCs) ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ လာမည့် သီတင်းပတ်အတွင်း ထုတ်ပြန်ကြေညာသွားရန်ပြင်ဆင်လျက်ရှိသည်။ အချိန်ကာလအတန်ကြာ ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ပြီးနောက် အိန္ဒိယ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များသည် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ အဆိုပြုမှုအတွက် အလုပ်သဘောဆိုင်ရာမူဘောင်နှင့် စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ၉၉ ရာခိုင်နှုန်း သဘောတူညီထားပြီးဖြစ်သည်။ ထို့ပြင် အိန္ဒိယ၏ လက်ရှိ စစ်ဦးစီးအရာရှိချုပ်သည် နယူးဒေလီမြို့၌ အိန္ဒိယ၏ သိပ္ပံပညာရှင် အသိုက်အဝန်းအား မိန့်ခွန်းပြောကြားစဉ် အမျိုးသားလုံခြုံရေးတွင် စစ်နယ်ဝန်းသဘောတရားသည် အခြေခံကျသော ပြောင်းလဲမှုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစီရင်ခံထားသည့်အတိုင်း ဩဂုတ်လတွင် အကောင်အထည်ဖော်မည့်လုပ်ငန်း စတင်သွားမည်ဆိုလျှင် အိန္ဒိယတပ်မတော်အနေဖြင့် အိန္ဒိယလေတပ် (IAF) မှ တိုက်လေယာဉ်များနှင့်အတူ ပါကစ္စတန်၏ နယ်စပ်တစ်လျှောက်တွင် ကြည်းတပ်၏ပူးပေါင်းတိုက်ပွဲဝင်တပ်ဖွဲ့များကို ထိရောက်စွာတပ်ဖြန့်ချသွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပါကစ္စတန်၏ အမျိုးသားလုံခြုံရေးအပေါ် သက်ရောက်မှုများရှိလာနိုင်ပေသည်။

ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ တည်ထောင်သွားမည့်သဘောတရားကို ၂၀၁၆ ခုနှစ်တွင် Shekatkar ကော်မတီက ပထမဆုံးအဆိုပြုခဲ့ခြင်းဖြစ်ပြီး ၎င်းကော်မတီက အိန္ဒိယစစ်ဘက်တွင် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကို စိုးရိမ်ပူပန်မှုအဖြစ် ဖော်ပြခဲ့သည်။ အဆိုပါကော်မတီ၏ အစီရင်ခံစာ၌ တောင်ပိုင်း၊ အနောက်ပိုင်းနှင့်မြောက်ပိုင်း ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များထူထောင်သွားရန် ထောက်ခံတင်ပြထားသည်။

ဗိုလ်ချုပ်ကြီး ဘီပင်ရာဝပ်သည် စစ်ဦးစီးအရာရှိချုပ်တာဝန် စတင်ထမ်းဆောင်ချိန်တွင် အဆိုပါ ထောက်ခံတင်ပြချက်ကို ချက်ချင်းစတင်အကောင်အထည်ဖော်ခဲ့သည်။ ဗိုလ်ချုပ်ကြီး ရာဝပ်သည် ITCs ကို စိတ်အားထက်သန်စွာထောက်ခံခဲ့ပြီး မူလရည်ရွယ်ချက်ထက်နှစ်ခုပိုကာ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ် ငါးခု ဖွဲ့စည်းသွားရန် အဆိုပြုခဲ့သည်။ ၎င်းသည် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ဖွဲ့စည်းထူထောင်ရေးအတွက် စိတ်အားထက်သန်စွာ ထောက်ပံ့ခဲ့သည်။

သို့သော် ITCs သည် အိန္ဒိယကြည်းတပ်တွင်သာ အပြည့်အဝထောက်ခံမှုရရှိထားပြီး အိန္ဒိယရေတပ်တွင် ထောက်ခံမှုတချို့ရရှိခဲ့သည်။ IAF ကမူ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ထူထောင်ရေးနှင့်စပ်လျဉ်း၍ လေယာဉ်များကို အုပ်စုခွဲခြင်းသည် စစ်အခြေခံသဘောတရားများအပေါ် သက်ရောက်မှုနှင့် စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည်များအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်နေကြောင်း ပြောခဲ့သည်။

မည်သို့ပင်ဆိုစေ ဗိုလ်ချုပ်ကြီးအနစ်လ်ချူဟန်ကို စစ်ဦးစီးအရာရှိချုပ်အဖြစ် ခန့်အပ်မှုနှင့်အတူ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ထူထောင်ရေးလုပ်ငန်းစဉ်ကို ပြန်လည်စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းသည် နောက်ကွယ်မှကြိုးကြပ်ပြီး ITCs များ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အတားအဆီးများကို ဖယ်ရှားခဲ့သည်။ ၎င်းသည် တပ်မျိုးများပူးပေါင်းညီလာခံ(CCC) အကြိုကာလတွင် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ထူထောင်ရေးလုပ်ငန်းများ တိုးတက်မှုမရှိကြောင်း ပြောဆိုခဲ့သဖြင့် တပ်မျိုးများသည် ပူးပေါင်းဆောင်ရွက်ရေးအပေါ် အလေးထားကာ ပြုပြင်ပြောင်းလဲမှုကို လက်ခံဆောင်ရွက်လာခဲ့သည်။

ITCs များ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် အိန္ဒိယအောက်လွှတ်တော်သည် ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့်စည်းကမ်းပိုင်းဆိုင်ရာတို့ အကျုံးဝင်သော ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များပေါင်းစည်းရေးဆိုင်ရာ ၂၀၂၃ ခုနှစ် ဥပဒေမူကြမ်းကို ဩဂုတ် ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ အိန္ဒိယတပ်မတော်တွင် အဆိုပါဥပဒေကို ကျင့်သုံးသွားမည်ဖြစ်သောကြောင့် ITC ဌာနချုပ်မှူးများသည် ကွပ်ကဲမှုအောက်ရှိ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်အားလုံးကို ဥပဒေနှင့်အညီ ထိန်းကျောင်းသွားနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အိန္ဒိယအစိုးရအနေဖြင့် ITCs များ လုပ်ငန်းလည်ပတ်ရေးအပေါ် အလေးထားနေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အဆိုပါစီမံကိန်းအရ ရေတပ်ဌာနချုပ် သုံးခု၊ ကြည်းတပ်နှင့် လေတပ်ဌာနချုပ် ခုနစ်ခုစီ စုစုပေါင်း လက်ရှိ ဌာနချုပ် ၁၇ ခုကို ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်သုံးခုထိ လျှော့ချဖွဲ့စည်းသွားရန်ပင်ဖြစ်သည်။ ကြည်းတပ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး မာနော့မှုကွတ်နာရာဗိန်က ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ထူထောင်ခြင်းသည် ကြည်း၊ ရေ၊ လေ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာသေချာစေပြီး စစ်ဘက်အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်တစ်ခုစီတွင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များပါဝင်မည်ဖြစ်ပြီး သီးခြားနယ်မြေတစ်ခုတွင် တပ်မှူးတစ်ဦး၏ ကွပ်ကဲမှုအောက်တွင်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် ဌာနချုပ်မှူးသည် ပဋိပက္ခတစ်ခုတွင် အရင်းအမြစ်အားလုံး၏စွမ်းဆောင်ရည်များကို လိုအပ်သလို ထုတ်ယူအသုံးချနိုင်မည်ဖြစ်သည်။ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုတို့ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်မှူးများသည် ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များထံသတင်းပို့ရန် မလိုအပ်ဘဲ စစ်ဦးစီးအရာရှိချုပ်ထံ တိုက်ရိုက်အစီရင်ခံသွားနိုင်မည်ဖြစ်သည်။ ICTs များသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုလိုအပ်နေသည့် အိန္ဒိယစစ်ဘက်၏ လိုအပ်ချက်များကို ဖြည့်ဆည်းသွားရန် ရည်မှန်းထားရှိသည်။

ထို့ပြင် နယ်စပ်တစ်ခုတွင် တစ်ဖွဲ့တစ်ခု သဘောထားကိုအခြေခံလျက် ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ပထဝီအနေအထားနှင့် နယ်စပ်အခြေအနေတို့ပါဝင်မည်ဖြစ်ကာ စစ်နယ်ဝန်းနှစ်ခုသည် ကုန်းမြေတွင် အခြေစိုက်မည်ဖြစ်ပြီး အခြားတစ်ခုသည် ပင်လယ်ရေကြောင်းဆိုင်ရာနယ်စပ်များကို အခြေခံထားမည်ဖြစ်သည်။ သတင်းမီဒီယာများ၏ အစီရင်ခံမှုများအရ ပထမအဆင့်အနေဖြင့် ဂျိုင်ပါနှင့်လတ်ခ်နောင်းတွင် ITCs ဌာနချုပ်နှစ်ခု ထူထောင်သွားမည်ဖြစ်ပြီး ၎င်းဌာနချုပ်များသည် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့အား တန်ပြန်ဟန့်ချက်ထိန်းညှိနိုင်ရန် ရည်ရွယ်ထားရှိသည်။ ဒုတိယအဆင့်တွင် ကောဝါ၌ ပင်လယ်ရေကြောင်းဆိုင်ရာ စစ်နယ်ဝန်းဌာနချုပ် (MTC) ကိုဖွင့်လှစ်သွားမည်ဖြစ်ပြီး အာရှ-ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာဒေသများရှိ အိန္ဒိယစီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သည့်တာဝန်များ ထမ်းဆောင်သွားမည်ဖြစ်သည်။

ပါကစ္စတန်ကို အဓိကရည်ရွယ်ထားသည့် အနောက်ပိုင်း ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်သည် ပထမဆုံးလုပ်ငန်းလည်ပတ်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံကို အလေးထားသည့် မြောက်ပိုင်းပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်သည် ဒုတိယမြောက်လုပ်ငန်းလည်ပတ်သွားမည်ဖြစ်သည်။ ဂယ်ဝန်တောင်ကြား၌ တရုတ်နိုင်ငံနှင့်စစ်ရေးဆိုင်ရာထိပ်တိုက်မှုများဖြစ်ပွားခဲ့သည့်အပြင် အမေရိကန်နှင့်ပူးပေါင်းကာ အာရှ-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံကို ဆန့်ကျင်မှုများရှိနေသည့်တိုင်အောင် အိန္ဒိယအနေဖြင့် ပါကစ္စတန်အား အဓိကရန်သူအဖြစ် သဘောထားနေဆဲပင်ဖြစ်သည်။

အနောက်ပိုင်း ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ် လုပ်ငန်းလည်ပတ်သည့်အချိန်တွင် Cold Start သဘောတရားဟုခေါ်ဆိုသည့် ပါကစ္စတန်ကိုဝဟိုပြုသော လက်ဦးမှုရယူသည့် မဟာဗျူဟာကို အထောက်အကူပြုသွားမည်ဖြစ်သည်။ အဆိုပါသဘောတရားသည် ပူးပေါင်းတိုက်ခိုက်ရေးတပ်ဖွဲ့များ (IBGs) ရုတ်ခြည်းတပ်ဖြန့်ချထားမှုကို အခြေခံထားခြင်းဖြစ်သည်။ ၎င်းသဘောတရားသည် အိန္ဒိယကြည်းတပ်နှင့် IAF တို့ကြား ပူးပေါင်းဆောင်ရွက်မှုများလိုအပ်သည်။ အကြောင်းမှုကား မြေပြင်အခြေစိုက် IBGs သည် IAF ၏လုံလောက်သော လေကြောင်းလွှမ်းခြုံမှုနှင့် အနီးကပ်လေကြောင်းအထောက်အကူမပါဘဲ တိုက်ပွဲဆင်နွှဲနိုင်စွမ်း မရှိသောကြောင့်ပင်ဖြစ်သည်။ IAF သည် လွတ်လပ်သည့်သီးခြားမဟာဗျူဟာမြောက်မစ်ရှင်များကို ထမ်းဆောင်နိုင်စွမ်းရှိသောကြောင့် ယခင်က IBGs ကို အထောက်အကူပေးရန် ငြင်းဆိုခဲ့သည်။ မည်သို့ပင်ဆိုစေ ကွပ်ကဲမှုအာဏာပိုင်တစ်ဦးတည်းလက်အောက်တွင် ITC ထူထောင်ခြင်းသည် ကြည်းနှင့်လေ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ITC လုပ်ငန်းလည်ပတ်ခြင်းသည် IBGs များအား IAF လေကြောင်းအထောက်အကူရယူကာ အချိန်တိုအတွင်း တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ် တပ်မှူးတစ်ဦးတည်းသာရှိခြင်းသည် ကွပ်ကဲမှုဌာနချုပ်၏ စည်းလုံးမှုကိုရရှိခြင်း၊ ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းနှင့် စစ်ဘက်တပ်ဖွဲ့များအား ဘုံဦးတည်ချက်ကို ထမ်းဆောင်နိုင်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ထို့ကြောင့် Cold Start ကို အချိန်မရွေးအကောင်အထည်ဖော်နိုင်သဖြင့် ပါကစ္စတန်အတွက် စိုးရိမ်ပူပန်စရာဖြစ်လာသည်။ ထိုသို့ ITCs များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ဝန်ကြီးချုပ် မိုဒီလက်ထက် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးထူထောင်မှုကို တိုးတက်လာစေသည်။ သို့သော် အိန္ဒိယ၏ ITCs များသည် စစ်အခြေခံသဘောတရားများအပြင် စစ်ရေးဆိုင်ရာလေ့ကျင့်ရေးများကိုလည်း လက်တွေ့လုပ်ဆောင်သွားရန် လိုအပ်သည်။ ဆိုရလျှင် အိန္ဒိယ၏ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ ထူထောင်မှုလုပ်ငန်းစဉ်သည် ပါကစ္စတန်၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်ကြည်းတပ်၏ တိုက်ခိုက်ရေး စွမ်းဆောင်ရည်များအပေါ်တွင်လည်း သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ပါကစ္စတန်အနေဖြင့် မဝေးတော့သည့်အနာဂတ်တွင် အိန္ဒိယ၏ စစ်ရေးအရ အသာစီးရရှိလာနိုင်မှုအခြေအနေများကို တုံ့ပြန်နိုင်ရေးအတွက် စစ်ရေးဆိုင်ရာ မဟာဗျူဟာအသစ်များ ချမှတ်သွားရန်လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။


❖ အစီရင်ခံထားသည့်အတိုင်း ဩဂုတ်လတွင် အကောင်အထည်ဖော်မည့်လုပ်ငန်း စတင်သွားမည်ဆိုလျှင် အိန္ဒိယတပ်မတော်အနေဖြင့် အိန္ဒိယလေတပ် (IAF) မှ တိုက်လေယာဉ်များနှင့်အတူ ပါကစ္စတန်၏ နယ်စပ်တစ်လျှောက်တွင် ကြည်းတပ်၏ပူးပေါင်းတိုက်ပွဲဝင်တပ်ဖွဲ့များကို ထိရောက်စွာတပ်ဖြန့်ချသွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပါကစ္စတန်၏ အမျိုးသားလုံခြုံရေးအပေါ် သက်ရောက်မှုများရှိလာနိုင်ပေသည်။ ပူးပေါင်းစစ်နယ်ဝန်းဌာနချုပ်များ တည်ထောင်သွားမည့်သဘောတရားကို ၂၀၁၆ ခုနှစ်တွင် **Shekatkar** ကော်မတီက ပထမဆုံးအဆိုပြုခဲ့ခြင်းဖြစ်ပြီး ၎င်းကော်မတီက အိန္ဒိယစစ်ဘက်တွင် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကို စိုးရိမ်ပူပန်မှုအဖြစ် ဖော်ပြခဲ့သည်။ ❖

**ကိုးကား**

- **India's Military Turns Toward Integrated Theater Commands: A Rising Challenge for Pakistan by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# ဗဟန်းမြို့နယ် ZEC Art Studio & Gallery တွင် ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီကားများကို စုစည်းပြသမည်



**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ZEC Art Studio & Gallery တွင် ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီကားများကို ဩဂုတ် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်ထိ စုစည်းပြသမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ဝါရင့်ပန်းချီဆရာများဖြစ်သည့် ပန်းချီ စတားမြသန်း၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ ဝေမွန်လင်း၊ ပန်းချီ မွန်သက်၊ ပန်းချီ သက်မွန်၊ ပန်းချီ နီပိုဦးတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံလက်ရာစုံ ပန်းချီကား ၃၅ ကားခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်သည်။

"ပန်းချီကားတွေကတော့လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ကျွန်တော်တို့ ဝယ်ယူစုဆောင်းထားတဲ့ ပန်းချီကားတွေကို ပြသတာဖြစ်ပါတယ်။ ပန်းချီဆရာ စတားမြသန်း၊ ပန်းချီဆရာကြည်သိန်း၊ ပန်းချီဆရာ တင်လှဝင်းထင်၊ ပန်းချီဆရာ ဝေမွန်လင်းတို့ရဲ့ ရေးအားကောင်းဆဲ အချိန်က ပန်းချီကားတွေဖြစ်ပါတယ်။ အခုသူတို့ မရှိတော့တဲ့အခါ ဂန္ထဝင်အနေနဲ့ မြင်ရမှာဖြစ်ပါတယ်။ ကျန်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေလဲ အတိတ်က ငယ်လက်ရာတွေကို မြင်ရမှာပါ"ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ရှစ်သိန်းမှ ငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# နိုင်ငံကြီးသား-၂ ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးနေ

**ရန်ကုန် ဩဂုတ် ၁၅**

AINDA Film Production က စီစဉ်ထုတ်လုပ်သည့် နိုင်ငံကြီးသား-၂ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၄ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေပြီဖြစ်ကြောင်း ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)က ပြောပြ၍ သိရသည်။

နိုင်ငံကြီးသား-၂ ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နေစိုးသော်နှင့် ဒွေးမေတ္တာတို့က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို စီစဉ်ထုတ်လုပ်သူ ကိုအောင်ကြီးက ရေးသားထားကာ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) က ပုံဖော်ရိုက်ကူးနေသည်။

"AINDA ရုပ်ရှင်ထုတ်လုပ်ရေးက ကိုအောင်ကြီးက နိုင်ငံကြီးသား-၂ ကို ရိုက်ချင်တယ်၊ စီစဉ်လိုက်ပါဆိုလို့ စီစဉ်ဖြစ်သွားတာပါ။ မင်းသားကတော့ သုတအောင်၊ မင်းသမီးက မျိုးစန္ဒီကျော်၊ အိမ့်ချစ်ချစ်တို့လို မျက်နှာသစ်တွေနဲ့ နိုင်ငံကြီးသား-၂ ကို အရင်ကရိုက်ကူးထားတဲ့ နိုင်ငံကြီးသား ဇာတ်ကားနဲ့




မတူအောင် တစ်မျိုး ပြန်ဖန်တီးမယ်ဆိုတဲ့အကြောင်းအရာနဲ့ဖန်တီးဖြစ်ပါတယ်။ ဒီဇာတ်ကားကိုရိုက်ဖို့အတွက် ဇာတ်လမ်းကတော့ ခွင့်ပြုချက်ကျပြီ။ ရိုက်ကွင်းတွေကတော့ ဩဂုတ် ၁၄ ရက်ကတည်းက စတင်ရိုက်ကူးနေပါပြီ"ဟု ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ပြောပြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သုတအောင်၊ ဘုန်းလျှံ၊ အောင်လေး၊ ရဲရင့်၊ ဥက္ကာကျော်၊ ဘိုချမ်း၊ ပိုင်စစ်မှူး၊ ဦးဝင်းမြိုင်၊ မျိုးစန္ဒီကျော်၊ အိမ့်ချစ်ချစ်၊ ချိုပြုံးတို့အပြင် အထူးဧည့်သည်သရုပ်ဆောင် ကျော်ကျော်၊ ဆုမြတ်နိုးဦးတို့က ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။ ASH

# Fly Post Production Workshop သို့ မြန်မာနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်များ တက်ရောက်မည်

**ရန်ကုန် ဩဂုတ် ၁၅**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်ရုပ်ရှင်ကော်မရှင် (Busan Film Commission ) နှင့် Asian Film Commission (AFCNet) တို့က ပူးပေါင်းစီစဉ်ကျင်းပမည့် Fly Post Production Workshop ကို နိုဝင်ဘာ ၁ ရက်မှ ၁၄ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်များ တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ပြန်ကြားရေးမှူး ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ Workshop သို့ တက်ရောက်လိုသူများသည် ဒါရိုက်တာ၊ ထုတ်လုပ်သူ သို့မဟုတ် Post Production ပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူဖြစ်ရမည်ဖြစ်ပြီး အနည်းဆုံး ရုပ်ရှင်ဇာတ်ကားတစ်ကားကို ဖန်တီးထုတ်လုပ်ထားသူ ဖြစ်ရန်လိုအပ်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားနှင့်ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများတွင် ဖန်တီးမှု၊ ထုတ်လုပ်မှု အတွေ့အကြုံရှိသူများလည်း တက်ရောက်နိုင်ပြီး အထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

"Post Production နဲ့ ဆိုင်တဲ့ Workshop တစ်ခုအတွက် ဖိတ်ကြားထားတာရှိပါတယ်။ အဲဒါက Fly က လုပ်တာပါ။ Fly က ဘူဆန် ရုပ်ရှင်ကော်မရှင်ကနေပြီး အာရှနိုင်ငံအတွင်းမှာရှိတဲ့ လူငယ်ရုပ်ရှင်မျိုးဆက်သစ်တွေ၊ ဖန်တီးထုတ်လုပ်သူတွေကို သူတို့ဘက်က ပိုက်ဆံအကုန်အကျခံပြီး Project တွေလုပ်ပေးတဲ့ အဖွဲ့အစည်းပါ။ နောက်ပြီး သူတို့က အာဆီယံနိုင်ငံထဲက ကလေးတွေစုပြီး ဇာတ်လမ်းတို ရိုက်ခိုင်းတယ်။ ပြီးတော့ အဲဒါတွေကို အခု Post Production Workshop ကို ပြုလုပ်တာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ မြန်မာနိုင်ငံက နှစ်ယောက် တက်ရောက်ခွင့်ရပါတယ်။ တက်ရောက်ခွင့်ရရှိတဲ့သူတွေအနေနဲ့ စရိတ်တွေအားလုံးကို ဘူဆန် ရုပ်ရှင်ကော်မတီက ကျခံပေးမှာ ပါ"ဟု ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။ ASH

# Oppenheimer ဇာတ်ကား ယခုနှစ်၏ ဆဋ္ဌမမြောက် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဩဂုတ် ၁၅**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားသည် ယခုနှစ်၏ ဆဋ္ဌမမြောက် ဝင်ငွေအကောင်းဆုံး ဟောလိဝုဒ်ဇာတ်ကားဖြစ်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Oppenheimer ဇာတ်ကားသည် ရုံတင်ပြီး သီတင်းသုံးပတ်ခန့်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ခန့် ရရှိထားပြီး အထက်ပါဝင်ငွေအတိုင်းအဆအရ Oppenheimer ဇာတ်ကားသည် ၂၀၂၃ ခုနှစ်၏ ဆဋ္ဌမမြောက်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့ရသည်။

၂၀၂၃ ခုနှစ်၏ဝင်ငွေအကောင်းဆုံး ဟောလိဝုဒ်ဇာတ်ကားမှာ The Super Mario Bros. Movie ဇာတ်ကားဖြစ်ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံထိရရှိထားသည်။

အမေရိကန်ရူပဗေဒပညာရှင် ရောဘတ်ဂျေအိုပင်ဟိုင်းမား၏ ဘဝကို အခြေခံထားသော အဆိုပါဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က ရိုက်ကူးပေးထားပြီး မင်းသား ဝီလီယံမာဖီက အိုပင်ဟိုင်းမားအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO




# Meg-2: The Trench ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၂၅၆ သန်းကျော်ရရှိ

**နယူးယောက် ဩဂုတ် ၁၅**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Meg-2: The Trench ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၆ သန်းကျော်ထိ ရရှိထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Meg-2: The Trench ဇာတ်ကားရရှိထားသော အထက်ပါ ကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်း၏ လေးပုံတစ်ပုံခန့်မှာ တရုတ်ရုပ်ရှင်ဈေးကွက်မှ ရရှိထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဩဂုတ် ၄ ရက်က စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ချိန် ဩဂုတ် ၁၃ ရက်တွင် Meg-2: The Trench ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၁ သန်းနှင့် ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၂ သန်းထိ ရရှိထားသည်။

သမိုင်းမတင်မီခေတ် ငါးမန်းကြီးများအန္တရာယ်ကို အခြေခံထားသည့်Meg-2: The Trench ဇာတ်ကားကို ဒါရိုက်တာ ဘင်ဝိုက်တလေက ရိုက်ကူးပေးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဂျေဆင်စတာတမ်၊ တရုတ်မင်းသား ဝူကျင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# Delegation led by head of UNOCHA Under Secretary General Mr. Martin Griffiths pays courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives head of UNOCHA Under Secretary General Mr. Martin Griffiths.

**Nay Pyi Taw August 15**

A delegation led by Under Secretary General Mr. Martin Griffiths, head of Humanitarian Affairs and Emergency Relief Coordination of the United Nations Office for the Coordination of Humanitarian Affairs paid a courtesy call on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of the diplomatic hall of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon.

Also present at the call together with the Senior General were Joint Secretary of the SAC Lt-Gen Ye Win Oo, Union Ministers U Than Swe, U Ko Ko Hlaing and Dr Soe Win and officials while the under secretary general was accompanied by members of the delegation.

They exchanged views on political developments of Myanmar, assumption of state duties by the Tatmadaw in accordance with the 2008 constitution due to voting irregularities in the 2020 multiparty general election, efforts made by the SAC to move forward firmly on the path of multiparty democracy aspired by the people, circulation of fake news about Myanmar in the international community, the need to know true situation of Myanmar, shortages of assistance by international organizations including the UN during the outbreak of COVID-19 and after Cyclone Mocha and potential for cooperation for matters related to humanitarian assistance.

100

# Officials inspect avocado farms to issue Global GAP certificates

**PyinOoLwin August 15**

Avocado farms prepare cultivation of the plants to produce quality avocado through global GAP system for export purpose and officials check the farms for recognition of their efforts so as to issue Global GAP certificates to farmers, said U Myo Nyunt, joint general secretary of Myanmar Avocado Growers and Exporters Association.

The association accepted offers from foreign merchants to purchase avocado fruits. Hence, local farmers try to grow the plants under the Global GAP system to produce quality avocado for export purpose. As such, officials make field trips to avocado farms in order to issue the certificates to local farmers.

"Avocado farms are being operated in Global GAP system in Taunggyi of Shan State (South). Now, more than 40 avocado farms have received Global GAP certificates. Shan Avocado Co Ltd leads the process of submitting the proposals for issuance of Global GAP certificate. Local farmers aim to have the certificates for production of export quality fruits. Foreign markets admit global standardized fruits only," said the joint general secretary.

All avocado farmers need to take the certificates of Global GAP for their fruits. The commercial farms are exercising such a system. It is expected that avocado farms will emerge in coming year to produce export quality avocado fruits. 185

# 'You're kind of raised to hate tourists': Maui fires fan tensions on Hawaiian island

**Honolulu August 15**

At Maui's Wailea Beach on Monday the skies were bright and clear. Luxury hotels lined the beachfront, their guests spread on the sand. Some waded in the ocean, while others sat under umbrellas with white monogrammed towels on their chairs.

Inside one of the hotels, beyond a pool, a two-tiered fountain and a glass-walled habitat for the resident parrot, was a wooden-framed screen advertising a relief fund for the resort's employees - the first sign of the destruction in Lahaina, just 30 miles (48km) up the coast.

In the wake of the wildfires, the deadliest in modern US history, frustration at tourists who have chosen to carry on with their holidays has grown. Many in Maui say the devastation has highlighted what is known as the "two Hawaiis" - one built for the comfort of visitors and another, harsher Hawaii left to Hawaiians.

"It's all butterflies and rainbows when it comes to the tourism industry," said a 21-year-old Maui native and an employee at the hotel who asked to remain anonymous. "But what's really under it is kind of scary."

Last Wednesday, a day after the wildfires, the county asked visitors to leave Lahaina and the island as a whole as soon as possible.

Officials soon urged people to avoid the island entirely, except for essential travel. "In the days and weeks ahead, our collective resources and attention must be focused on the recovery of residents and communities that were forced to evacuate," the Hawaii Tourism Authority said.

BBC

# Second Ecuador politician killed in less than a week

**Quito August 15**

A local party leader has been killed in Ecuador, the second politician to be assassinated in the space of a week.

Pedro Briones was shot dead by gunmen on a motorcycle at his home in northern Esmeraldas province.

His killing comes just five days after presidential candidate Fernando Villavicencio was gunned down in the capital, Quito.

Ecuador's murder rate has surged as local gangs have forged alliances with international crime cartels.

The killings of politicians have rocked the country ahead of snap presidential elections on 20 August.

Mr Briones was a leader of the left-wing Citizen Revolution Party in Esmeraldas. Fellow members of the party expressed their condolences to his family.

The party's presidential candidate, Luisa González, said that Ecuador was going through "its bloodiest period".

Former president Rafael Correa, who founded the Citizen Revolution Party, wrote: "They murdered another of our colleagues in Esmeraldas. Enough is enough!"

Police have not yet officially commented on the murder but local media reported that the two gunmen had fled on a motorbike after shooting dead Mr Briones in San Mateo, south of the city of Esmeraldas.

It is not yet clear what the possible motive may have been.

Esmeraldas province, on the border with Colombia, has been one of the worst hit by the wave of violence which has spread across the country.

BBC

# More Myanmar staff to be appointed at foreign workers support centres in Korea



Myanmar workers arrive at an airport in South Korea.

**Yangon August 15**

The Ministry of Foreign Affairs stated that arrangements are being made to extend appointment of more Myanmar staff at the foreign workers support centres in the Republic of Korea in order to look after Myanmar workers.

At present, it is necessary to effectively look after Myanmar labours in South Korea. So, number of Myanmar staff will be extended at these centres, said Myanmar Ambassador to Korea U Thant Sin.

It is because some Korean businesspersons did not register Myanmar workers for liability insurances, so those Myanmar workers face loss. Moreover, as Human Resources Development of Korea (HRDK) delays the process of introducing Myanmar workers who returned from Korea before completion of contract to new employers, more Myanmar staff will be extended at the centres to give a helping hand to the Myanmar labours in Korea.

Hence, the Myanmar Ambassador informed the Korea's Ministry of Labour about more emphasis to be placed on foreign workers including Myanmar not to face injuries in workplaces.

As economic and social situations change, EPS systems are being reformed in Korea, according to the Ministry of Labour in Korea.

A total of 16 countries including Myanmar send labours to Korea under EPS system in agriculture, livestock, manufacturing and construction projects. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# More than 400 MNA passengers take domestic flights to upper Myanmar cities from Mandalay

**Mandalay August 15**

More than 400 flight passengers make trips from Mandalay to other cities in upper Myanmar region on a daily basis by taking domestic flights of Myanmar National Airlines, said manager Ko Aung Min Swe of MNA (Mandalay Branch).

MNA flights ran to Bhamo, Myitkyina, Tachilek, Kengtung and Kalay cities from Myitkyina. Now, number of flight passengers is on the rise as from the third week of July.

"In the past, flight passenger number was some 200 only. Now, passengers of the flight to other cities from Mandalay increase," he added.

MNA uses US-made four Boeing 737 aeroplanes to accommodate 164 passengers, two Brazil-made Embraers with 100 seats and nine France-made ATRs from Mandalay to Tachilek, Kengtung, Kalay, Nay Pyi Taw, Yangon, Myitkyina, Putao and other major cities. 184



A plane from MNA.

# Yangon plans to sell five baskets of rice and a viss of palm oil for individual daily from Aug 10

**Yangon August 15**

Authorities introduced the daily sale program of five baskets of rice and a viss of palm oil for individual at the People' Square in Dagon Township, Yangon Region starting from August 10, according to the Office of Yangon Region Government.

The rice and palm oil sales program was jointly implemented by the Yangon Region Government Myanmar Rice Federation (MRF) and the Myanmar Edible Oil Dealers' Association, and in this sale, 1,000 tons of palm oil and unlimited amount of rice will be sold.

The price of Aemahta rice is 2,500 kyats per basket and Ayeyawady Pawsan is 4,000 kyats per basket. The price of palm oil is 4,400 kyats per viss if the buyer brings container to put it in and if not, the price is 5,400 kyats per viss.

Similarly, 170,000 bags of Shwebo Pawsan, Ayeyawady Pawsan and Aemahta rice will be sold in Yangon Region's townships at a reduced rate.

ASH



A shop selling rice and cooking oil to the public members.

# Myanmar to join Colombo ASEAN Film Festival in September

**Yangon August 15**

Four ASEAN countries including Myanmar will participate in showing films and short movies at the Colombo ASEAN Film Festival to be held in Sri Lanka in coming September, said information officer U Chan Tha Kyi Soe of International Relations Committee of Myanmar Motion Picture Organziation.

Malaysia, Indonesia, Thailand and Vietnam will join the festival where Myanmar decided to show one film and three short movies.

"At present, we have invited participants wishing to join the festival. Then, we will inform the list of movies to the Motion Picture Promotion Branch of the Information and Public Relations Department. These movies will be shown as part of exchanging the culture. Now, Myanmar has enlisted one Myanmar movie and two short movies," said U Chan Tha Kyi Soe.

The festival will take place in the second week of September in Colombo. It will last for three days. Those wishing to submit the films can enlist these films to the international relations committee not later than 16 August. The selected movie and short movies will be shown at the festival in Sri Lanka.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## မော်စကိုမြို့ရှိ Patriot Park တွင် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် Army-2023 ဖွင့်လှစ်




နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် "Army-2023" ကို မော်စကိုမြို့ရှိ Patriot Congress and Exhibition Center ဗဟိုဌာနချုပ်တွင် ဩဂုတ် ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

ရုရှားနိုင်ငံ စစ်ဘက်-စက်မှုဇုန်ရှိ ထင်ရှားသော ကုမ္ပဏီ ၁၅၀၀ ခန့်သည် ၎င်းတို့၏ ထုတ်ကုန်များကို ထုတ်ဖော်ပြသကြပြီး ပြည်ပနိုင်ငံ ခုနစ်နိုင်ငံမှနိုင်ငံခြားကုမ္ပဏီများနှင့်အဖွဲ့အစည်း ၈၅ ခုသည်လည်း ဖိုရမ်သို့ပါဝင်တက်ရောက်ပြသကြသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ယခုနှစ် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်တွင် နိုင်ငံပေါင်း ၆၀ ခန့် ပါဝင်တက်ရောက်လာခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ရုရှားတပ်မတော်ခေါင်းဆောင်များနှင့် နိုင်ငံခြားမိတ်ဖက်နိုင်ငံများကြား နှစ်ဖက်တွေ့ဆုံပွဲများ ပြုလုပ်ရန် စီစဉ်ထားသည်။

နိုင်ငံရပ်ခြားမှ ကိုယ်စားလှယ်အဖွဲ့များသည် သိပ္ပံနှင့် စီးပွားရေးဆိုင်ရာအစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်တွင် ရူဘယ် ၄၃၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံ)ကျော်တန်ဖိုးရှိ ဝယ်ယူရေးသဘော တူညီစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဖိုရမ်၏ပြပွဲဧရိယာသည် စတုရန်းမီတာ ၃၀၀၀၀၀ ခန့် ကျယ်ဝန်းပြီး စစ်ဘက်သုံး စက်ပစ္စည်းကိရိယာနမူနာပေါင်း ၂၈၀၀၀ ခန့်ကို ခင်းကျင်းပြသထားသည်။

ရုရှားနိုင်ငံအစိုးရ ကော်ပိုရေးရှင်း Rostec က ဖိုရမ်တွင် ယူကရိန်းအထူးစစ်ဆင်ရေးအတွေ့အကြုံနှင့် သိမ်းဆည်းမိထားသော NATO ထုတ် စစ်လက်နက်ပစ္စည်းများ၏ ဝိသေသလက္ခဏာများအပေါ် ထည့်သွင်းစဉ်းစားထားသည့် နောက်ဆုံးပေါ် ရုရှားထုတ် အမြောက်လက်နက်စနစ်များကို ထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

နောက်ဆုံးထုတ် MiG-35 တိုက်လေယာဉ်ကို ပြပွဲရှိပြခန်းများသို့သွားရာ ပင်မဝင်ပေါက်အနီးတွင် ပြသထားကြောင်း သိရသည်။

ထို့ပြင် ခေတ်မီအဆင့်မြင့်လေယာဉ်အမျိုးမျိုးကို Kubinkaလေယာဉ်ကွင်းတွင် အစဉ်လိုက် ပြသထားသည်။

နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်ကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်ထိ မော်စကိုမြို့ရှိ Patriot Park၊ Alabino စက်ပစ်ကွင်းနှင့် Kubinka လေယာဉ်ကွင်း၌ ကျင်းပလျက်ရှိသည်။

ဖိုရမ်ကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်ထိ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံရပ်ခြားမှ အစိုးရကိုယ်စားလှယ်တော်များ၊ သိပ္ပံနှင့် နည်းပညာစီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်သည်။

ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်ထိ အများပြည်သူ လာရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**International Military Forum Army-2023 opens in Patriot Park near Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ် Dassault Aviation ကုမ္ပဏီထံမှ Rafale တိုက်လေယာဉ် ၁၈ စင်း အင်ဒိုနီးရှား လက်ခံရရှိ



အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီလက ပြင်သစ်လေကြောင်းကုမ္ပဏီ Dassault Aviation ထံမှ ဝယ်ယူခဲ့သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ Rafale ဘက်စုံသုံး တိုက်လေယာဉ် ၁၈ စင်းကို လက်ခံရရှိခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်မှုသည် အင်ဒိုနီးရှားလေတပ်၏ သက်တမ်းရင့် F-5 အပေါ့စားတိုက်ခိုက်ရေးလေယာဉ်ကို အစားထိုးရန် ကြိုးပမ်းမှုကို ထင်ဟပ်စေကြောင်း သိရသည်။

၂၀၂၀ ခုနှစ်က ပြင်သစ်နိုင်ငံသည် အင်ဒိုနီးရှားလေတပ်၏ ဝေဟင်ပိုင်နက်ကို လွှမ်းခြုံကာကွယ်ထားနိုင်စေရန် Rafale တိုက်လေယာဉ်များ ရောင်းချပေးနိုင်ရေးအတွက် ကမ်းလှမ်းခဲ့သည်။

၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ပြင်သစ် ကာကွယ်ရေးဝန်ကြီးဌာနတို့သည် အင်ဒိုနီးရှားလေတပ်အား Rafale တိုက်လေယာဉ် ၄၂ စင်း ရောင်းချပေးသွားရန် စာချုပ်ချုပ်ဆိုခဲ့သည်။

ပြင်သစ်လေကြောင်းကုမ္ပဏီ Dassault Aviation သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ လတွင် အင်ဒိုနီးရှားနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Rafales တိုက်လေယာဉ်ခြောက်စင်းအနက်မှ ပထမဆုံးအသုတ်ကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ တိုက်လေယာဉ်များနှင့်အတူ အင်ဒိုနီးရှားနိုင်ငံအား နည်းပညာဆိုင်ရာလေ့ကျင့်၊ သင်တန်းပေးမှုများပါ ဝန်ဆောင်မှုပေးခဲ့ခြင်းဖြစ်သည်။

"ဒီခြေလှမ်းသစ်က အင်ဒိုနီးရှား အာဏာပိုင်တွေနဲ့ ရေရှည်လက်တွဲမှုရဲ့အစကို ထုတ်ဖော်ပြသနိုင်ခဲ့တာဖြစ်ပြီး ပြင်သစ်နိုင်ငံအပေါ် သူတို့ရဲ့ယုံကြည်မှုအတွက် ပြန်လည်ကျေးဇူးတင်ချင်ပါတယ်" ဟု Dassault Aviation မှ အမှုဆောင်အရာရှိချုပ် အဲရစ်ထရာပီယာက ပြောကြား ခဲ့သည်။

၎င်းသည် အင်ဒိုနီးရှားနှင့် ပြင်သစ်တို့ကို ပေါင်းစည်းသည့် မဟာဗျူဟာမြောက်ဆက်ဆံမှုတစ်ရပ်ကို သက်သေပြနိုင်ခဲ့ပြီး နိုင်ငံအတွင်း Dassault Aviation ထုတ် လေကြောင်းစွမ်းအားစုများကို ဖြန့်ကြက်အသုံးပြုထားနိုင်မှုကို ထင်ဟပ်စေမည်ဖြစ်သည်ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

Rafale တိုက်လေယာဉ်သည် လက်ရှိတွင် လေကြောင်းတိုက်ခိုက်မှု၊ မြေပြင်ပံ့ပိုးမှု၊ သင်္ဘောဖျက်တိုက်ခိုက်မှုနှင့် နျူကလီးယားတားဆီးရေးကဲ့သို့သော စစ်ဆင်ရေးရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်သည့် ဘက်စုံသုံးတိုက်လေယာဉ် အမျိုးအစားဖြစ်သည်။

အဆင့်မြင့် အာရုံခံကိရိယာများနှင့် ပျံသန်းမှုထိန်းချုပ်ရေးစနစ်များ၊ ခိုင်မာတောင့်တင်းသော လေယာဉ်ကိုယ်ထည်နှင့် M-88 မျိုးဆက်သစ် တာဘိုဖန်အင်ဂျင်အမျိုးအစားတို့ တပ်ဆင်အသုံးပြုထားသည်။

အဆိုပါတိုက်လေယာဉ်တွင် စက်သေနတ်များနှင့် ဒုံးကျည်အမြောက်အမြားနှင့် တွဲဖက်အသုံးပြုနိုင်သော်လည်း အခြားမျိုးကွဲများတွင်လည်း အီလက်ထရွန်နစ်စစ်ဆင်ရေးများအတွက် အသုံးပြုနိုင်ဦးမည်ဖြစ်သည်။

ပြင်သစ်၊ ဂျာမနီ၊ စပိန်နှင့် အီတလီတို့အတွက် Future European Fighter Aircraft Multinational Program စီမံကိန်းကို ပံ့ပိုးပေးရန်အတွက် ၁၉၈၀ ပြည့်နှစ်လွန်ကာလများတွင် ကနဦးရှေ့ပြေးနမူနာလေယာဉ်ကို ပထမဆုံးစမ်းသပ်နိုင်ခဲ့သည်။

ပထမဆုံး Rafaleတိုက်လေယာဉ်ကို ပြင်သစ်လေတပ်နှင့် ရေတပ်တွင် ၂၀၀၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ ဘက်စုံသုံး "Omnirole"Rafale တိုက်လေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် စစ်ဆင်ရေးဆိုင်ရာ အမှီအခိုကင်းစွာ ရပ်တည်တိုက်ပွဲဝင်နိုင်စွမ်းကို အာမခံချက်ပေးနိုင်ပြီး အဓိကကျသော ဒေသတွင်းစွမ်းအားကြီး နိုင်ငံတစ်နိုင်ငံ၏ အခန်းကဏ္ဍကို အားဖြည့်ပေးမည့် ထူးခြားသောပိုင်ဆိုင်မှုတစ်ခုဖြစ်ကြောင်း အဲရစ်ထရာပီယာက ပြောကြားခဲ့သည်။

**Indonesia Receives 18 Rafale Combat Jets From Dassault Aviation ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၀၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၁၁၀၀၀ ကျော်လောက် စိုက်ပျိုးပြီးစီးပါပြီ။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ်တွင် ကလေးခရိုင်၌ မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၇၆၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၉၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဧက ၂၃၅၀ စုစုပေါင်း ၁၁၀၄၇ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၅၅၈ ဧက၊ ကလေးဝမြို့နယ်တွင် ၁၅၁၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၉၃၃ ဧက စုစုပေါင်း ၁၃၀၀၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များကို GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၅၉၈ ဧက၊ ကလေးဝမြို့နယ်တွင် ၂၆၉၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၉၀၂ ဧက စုစုပေါင်း ၁၅၁၉၅ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# သရက်မြို့နယ် အုတ်ပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ

**သရက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝအဆင်ပြေစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရလျာထားရန်ပုံငွေဖြင့် အုတ်ပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်ပိုကျေးရွာ၌ တိုင်းဒေသကြီးအစိုးရလျာထားရန်ပုံငွေဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



သရက်မြို့နယ် အုတ်ပိုကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရလျာထားရန်ပုံငွေ ကျပ် ၄၈၆ သိန်းဖြင့် လမ်းအရှည်ပေ ၄၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။

ခင်မာ

# သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**သိန်းနီ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်စလပ်ကျေးရွာတွင် စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာဇာအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၉ ဒသမ ၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နမ့်စလပ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့်အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၀၄)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၆၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(၂) ရှေ့ဖုံးမှအဆက်

သံတမန်ဆောင် ညှော်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဦးကိုကိုလှိုင်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများ ပျံ့နှံ့လျက်ရှိမှုနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခြေအနေမှန်များကိုသိရှိရန် လိုအပ်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းဖြစ်ပွားချိန်တို့၌ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပေးမှုများ နည်းပါးခဲ့မှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂအဖွဲ့အစည်း၏တတိယအဆင့်ရှိ အဆင့်မြင့်အရာရှိကြီးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Under Secretary General Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူး Mr. Ramanatha Balakrishnan၊ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)အကြီးအကဲ Mr. Sajjad Mohammad၊ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) ဒုတိယအကြီးအကဲ Ms. Danielle Parry နှင့်တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ Facebook ကဲ့သို့ Online Media များတွင် ရောင်းချနေသော အချို့တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင်ထိရောက်မှုအတွက် အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူများသို့ အသိပေးကြေညာခြင်း

- မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အရေးကြီး၊ အရေးပေါ်၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များဖြင့် ပြည်ပသို့အချိန်မီသွားရောက်ရန် လိုအပ်သူများအတွက် ခိုင်လုံသောအထောက်အထားများနှင့်အတူ Green Channel ဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။
- ပွဲစားများသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆမတန်ငွေကြေးများ ပိုမိုတောင်းခံ၍ လိမ်လည်ဆောင်ရွက်ခြင်းများတွေ့ရှိရ၍ ပြည်သူများအနေဖြင့် လိမ်လည်မှုမခံရစေရေး သတိပြုသွားကြရန် လိုအပ်ပါမည်။
- Green Channel ဖြင့်လျှောက်ထားသူများသည် www.passport.gov.mm website တွင် ကြေညာထားသည့်အတိုင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ရုံးအမှတ်(၃၈) နေပြည်တော် (ဖုန်း ၀၆၇-၃၄၁၁၅၈၀)လိပ်မူပြီး လျှောက်ထားနိုင်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## ဩဂုတ် ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၄၃ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက်ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၈ ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဝါဆိုစဉ် စာအလင်္ကာများ

မောင်လူမွှေး (မြန်မာမှု)

ပုဂံခေတ်မှစ၍ ဘုရားပုထိုးဂူကျောင်းပြာသာဒ် အရပ်ရပ်တွင် ရာသီပွဲတော်များအကြောင်းအရာတို့ကို နံရံဆေးရေးပန်းချီဖြင့် ဖော်ပြလာခဲ့ကြရာ ခေတ်အဆက်ဆက်ပင်ဖြစ်သည်။ ထိုအကြောင်းအရာများအနက် ဝါဆိုလအကြောင်းသည်လည်း ပါဝင်လေသည်။ ပုဂံတွင်ရှိသော ဥပါလိသိမ်တွင် ဗုဒ္ဓဝါဆိုစဉ်ကို ဝါစဉ်အလိုက် ရေးခြယ်ထားသည်ကိုတွေ့ရပါသည်။ ထိုနံရံဆေးရေးပန်းချီပုံများကို ကုန်းဘောင်ခေတ်တွင် ထပ်မံအရောင်ဖြည့်သွင်းထားသည်ဟု သိရပေသည်။

ဗုဒ္ဓဘာသာထွန်းကားလာသည်နှင့်အမျှ မြန်မာပြည်အနှံ့ ဒေသအသီးသီးရှိ သာသနိကအဆောက်အုံများတွင် ဝါဆိုစဉ်ချပ်လုံး၊ ချပ်ကြွများရှိသလို စာပေအနေဖြင့်လည်း စာပန်းချီ၊ စာအလင်္ကာများပေါ်ပေါက်လာခဲ့လေသည်။ ၎င်းကို လက်လှမ်းမီသလောက် သက္ကရာဇ်စဉ်နှင့် ဖော်ပြပါမည်။ အစောဆုံးမှတ်တမ်းအရ တွေ့ရသောစာမှာ - ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီး(၆၇၅-၇၃၅ ခန့်) ရေးသားသော **"ဝဿက္ကမသဒ္ဒေပ"** ဘုရာရှိခိုးဂါထာ ပါဠိနိဿယဖြစ်လေသည်။ ခုနစ်ပိုဒ် ပါရှိပေသည်။

ပင်းယခေတ်နောက် အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တစ်လျှောက် မြန်မာစာပေလောကတွင် အလွန်ထင်ရှားကျော်ကြားတော်မူကြသည့် ရဟန်းစာဆို၊ လူစာဆိုပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ခဲ့ကြပါသည်။ သို့သော် ဝါဆိုစဉ် စာအလင်္ကာများကိုမူ မတွေ့ရဟုဆိုရပါမည်။ ပေါ်ပေါက်ခဲ့ပါလိမ့်မည်။သို့သော် မှတ်တမ်းမှတ်ရာအနေဖြင့် မတွေ့ရပေ။ ရှိခဲ့ပေါ်ခဲ့သော်လည်း ကျမ်းဂန်ကျနမှုမရှိကြောင်းကို ကုန်းဘောင်ခေတ် စိန္တကျော်သူဦးဩ၏ ဝါဆိုစဉ်ရကန်က သက်သေပြလျက်ရှိပေသည်။

ရကန်စာပေဆိုသည်မှာ တစ်ဦးနှင့် တစ်ဦး အကျောက်အကန်အခြေအတင်ပြု၍ ရေးကြသည့် စာပေအမျိုးအစားဖြစ်ပေသည်။ စာဆိုစိန္တကျော်သူ(၁၀၉၈-၁၁၃၃)သည် လေးပိုဒ်ထိကို ဗုဒ္ဓဝါဆိုရာဒေသကျောင်းနေရာဒေသဌာနများကို ပြသွားသည်။ လေးပိုဒ်မြောက်တွင် ဝိဘင်းကျမ်းနှင့် ညီသည်ဟု ပိဋကတ်တော်ကိုလည်း ညွှန်းထားလေသည်။ ငါးပိုဒ်မြောက်တွင် -

**"လောကသုံးဦး ခေါင်မနန်ပူး၏ ကျေးဇူးတော၊ ရေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်။**

**ကျမ်းနှင့်တော့ညီလာပဲ၊ အဲကိုရှင်မှာ မတင်သာသည် တောင်ယာနှင့် ဓနွဲသို့၊ အလွဲလွဲအချွတ်ချွတ်၊ ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒလွတ်ရိမ့်။**

**ရေးတာချွတ်လည်းတည့်မတ်အောင်၊ အာစေနည်းလူ ယုဉ်မပြုသည် ငါ့တူမင်းရွှေတောင်က။**

**ယဉ်လုအောင် စပ်ဆိုတိ၊ လက်ာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍။**

**ဇကဝိလူပုဂ္ဂိုလ်၊ နိဂုံးနှင့်တကွ ပဌမကို ပဒပြည့်အောင်ဆိုရှင့်။**

**ရကန်ချိုပေါ်သစ်ဧ၊ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည်၊ ရွှေတောင် ဂါမော်ကတည့်လေး။ ။"**

ဟု ရေးဖွဲ့ထားလေသည်။ စာ၏ဆိုလိုချက်မှာ ရေးက ဝါဆိုစဉ်စာပေများ ရှိခဲ့ကြသည်။ သို့သော်လည်း ပိဋကတ်ကျမ်းဂန်နှင့် မညီမညွတ်တောင်ယာတွင် ခန္ဓဲသုံးသည်ဆိုသည်မျိုး၊ ရှင်သာမဏေကဘီး(ခေါင်းဘီး) သုံးသည် ဆိုသည်မျိုးလို အလွဲလွဲအချွတ်ချွတ်ဖြစ်နေသည်။ ဤသို့လွဲချော်နေမှုကို ဦးလေးဖြစ်သူလင်္ကာသာရ (နောင် - တွင်းသင်းမင်းကြီး ဦးထွန်းညို)က ကျမ်းဂန်နှင့်အညီ ရေးစေ၍ ဝါဆိုစဉ်နှင့်ပတ်သက်လျှင် သူစာသည်သာအကောင်းဆုံး(စံ-ကဝိလူပုဂ္ဂိုလ်)ဖြစ်သည်ဟု ကိုယ်ရည်သွေး ရေးဖွဲ့ထားသောစာဖြစ်လေသည်။

စိန္တကျော်သူ ဦးဩနောက်ပိုင်း ဝါဆိုစဉ်ဆိုင်ရာ စာပေများကိုပါဠိ- နိဿယသွား လင်္ကာသွားအနေဖြင့်လည်းကောင်း၊ လင်္ကာသက်သက်ဖြင့်လည်းကောင်း ရေးဖွဲ့လာကြပေသည်။

ဒုတိယမဲထီးဆရာတော် ရှင်ကဝိ (ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇ ဓိရာဇဂုရု) (၁၁၀၉-၁၁၉၆)၏ မာလာလင်္ကာရဗုဒ္ဓဝင်ကျမ်းတွင် ဝါဆိုစဉ်များကို ဖော်ပြပြီး ပိဋကတ်တော်ကျမ်းညွှန်းများကို ဖော်ပြထားလေသည်။ စကားပြေဖြစ်သည်။

မုံရွေးဇေတဝန်ဆရာတော် (၁၁၂၈ - ၁၁၉၀)က သမန္တစက္ခုဒီပနီကျမ်း၌ **"တက်ထွန်းကျက်သရေ... သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမိပ၊ ရပ်ဌာန၌..."** အစချီ၍ ရေးဖွဲ့ခဲ့လေသည်။ မုံရွေးဆရာတော်ပင် ရေးစပ်သီကုံးသည်ဟု မှတ်တမ်းပြုသော **"မိဂဒါဝေ၊ တောရပ်ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်း၏..."** အစချီဝါဆိုစဉ် ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။

ဆရာတော် ဦးဗုဓ် (၁၁၄၉-၁၂၀၄)သည်လည်း ဝါဆိုစဉ်ပါဠိနိဿယဂါထာပါဌ် ငါးပုဒ်ကို ရေးစပ်တော်မူခဲ့လေသည်။

❖ မန်လည်ဆရာတော်(၁၂၀၃-၁၂၈၂)ကမူ မဟာသုတကာရီမဃဒေဝ လင်္ကာသစ်ကျမ်းသာသနာ့သင်္ဂြဟကေ နိဒါန်းပိုဒ်ရေ- ၅၇၃ တွင် သဟမ္ပတိပြဟ္မာမင်း တောင်းပန်လျှောက်ထားသည်မှစ၍ ဝါတော်အဆုံးထိ ရေးဖွဲ့ထားလေသည်။ ဗုဒ္ဓဝင်အကျဉ်းကဲ့သို့ ရေးဖွဲ့ထားရာ အလွန်ကြည်ညိုဖွယ် ကြည်နူးဖွယ်ဖြစ်ရပါသည်။ ရွှတ်ဆို၍ ကောင်းလှသည့်လင်္ကာသွားဖြစ်ပါ၏ ❖

ဒုတိယမောင်းထောင် (၁၁၆၀ - ၁၁၂၅ ခန့်) သာသနာပိုင်ဆရာတော် ရေးဖွဲ့တော်မူသော **"ဝါသမာလိနီကျမ်း"**မှာမူ အလွန်ထူးခြားကောင်းမွန်လှပေသည်။ ဂါထာပုဒ်ရေ ၆၀ ရေးစပ်ထားသည်။ ထိုဂါထာများမှာ ပါဠိအရေးအသားဆိုင်ရာ ကဗျာဗန္ဓတွင်ထေရဝါဒဖြစ်သော အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့မှ ပါဠိပညာရှင်ကြီးများပင် ဤကဲ့သို့ အဆင့်အတန်းမြင့်သော ပါဠိအရေးအဖွဲ့မျိုးမဖွဲ့နိုင်ဟု တိပိဋကမင်းကွန်းဆရာတော်ကြီးက အံ့ဩဘနန်း ချီးမွမ်းခန်းအကြိမ်ကြိမ် ပြုတော်မူသည့် ကျမ်းမြတ်ဖြစ်ပေသည်။

မြန်မာလိုဥပမာပြု၍ ဖော်ပြပါက ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ရှစ်ဆယ်ပေါ်-ရတု၊ တေးထပ်၊ လေးချိုးကြီး စသည်ဖြင့် မြန်မာ့ကဗျာအဆင့်ဆင့်မြင့်တက် ရေးဖွဲ့မှုမျိုးဟု ဆိုရပါမည်။

ထိုကျမ်းနိဂုံးတွင် ကုန်းဘောင်ခေတ် ပုဂံမင်းနှင့် မင်းတုန်းကနောင်ညီနောင်မင်းတို့၏တိုင်းရေးပြည်ရာ မြုပ်ကွယ်ပျောက်ပျက်နေသော အကြောင်းအရာကို သိရပေသည်။ ဤကျမ်းသည် ပြည်တွင်းရေး(နန်းတွင်းရေး) ပြဿနာဖြစ်နေသာအခါ ဝါဆိုဖို့ရာ အခက်အခဲရှိလာရာမှ ပေါ်ပေါက်လာသော ကျမ်းမြတ်တစ်ဆူဖြစ်ပေသည်။

ကျီးသဲလေးထပ်ကျောင်းဆရာတော် (၁၁၇၉-၁၂၅၆)၏ ဇိနတ္ထပကာသနီကျမ်းတွင် အဋ္ဌကထာပါဌ် ညွှန်းထားပြီး **"သုံးလူ့သခင်၊ ငါးမာရ်သင်၍...."** အစချီရေးဖွဲ့ထားလေသည်။

ကြည့်ကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော်ဖြေဆိုသော စွယ်စုံကျော်ထင်ကျမ်းတွင် ပုစ္ဆာအမှတ် ၅၀၀ ၌ **"ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော်ရှိလိမ့်နည်း"**ဟူသော အမေးကို အဋ္ဌကထာ(အပါဒါန်+ဓမ္မပဒ)များကို ညွှန်းဆို၍ ဝါကပ်ရာကျောင်းသခ်န်းမရှိဟု ဖြေဆိုထားသည်မျိုးကိုလည်း လေ့လာသိရှိရပေသည်။

ကင်းဝန်မင်းကြီးသို့ **"မှတ်ပါရစ်မောာခဲ့ပေအံ့ အစရို၍... ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညစေတ်ဝယ်၊ ဖြစ်လာရလေ၊ တိုတစ်တွေသည် သေသော်မှတည့် ဩြဲ...ကောင်း၏"**ဟု နိဂုံးချုပ်ရေးသားခဲ့သော ဆီဘန်းနီဆရာတော် (၁၁၇၃-၁၂၅၀)သည်လည်း ဝါဆိုစာအလင်္ကာရေးဖွဲ့တော်မူခဲ့ပေသည်။ ပါဠိနိဿယဖြစ်ပါ၏။ နိဿယမှာ လင်္ကာသွားဖြစ်၍ ဂုဏ်အလင်္ကာအထူးမြောက်လှပါသည်။ဂါထာ၂၃-ပိုဒ်ရှိသည်။ ဝဿက္ကမစက္ကဝန္ဒနာဟု နာမည်ကြီးသောနိဿယအဖွင့်ဖြင့် ထင်ရှားပေသည်။

တောင်ခွင်ဆရာတော်(၁၂၀၆-၁၂၆၅)ကလည်း ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းတွင် စကားပြေ၊ လင်္ကာ နှစ်တွေရော၍ **"အတိုင်းမသိ ကျေးဇူးရှိသည့်၊ မုနိသကျဂေါတမကား..."**အစချီရေးဖွဲ့ထားလေသည်။ ထိုကျမ်းမှာ ပိဋကတ်ဆိုင်ရာ စာပေအယူအဆများဆုံးဖြတ်ချက်ကျမ်းဖြစ်ရာ အဋ္ဌကထာဋီကာကျမ်းများဖြင့်ညှိ၍ ဝါဆိုစဉ်ကို ရေးသားကြောင်း နိဒါန်းခံထားပေသည်။

မန်လည်ဆရာတော်(၁၂၀၃-၁၂၈၂)ကမူ မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကျမ်း သာသနာ့သင်္ဂြဟကေ နိဒါန်းပိုဒ်ရေ- ၅၇၃ တွင် သဟမ္ပတိပြဟ္မာမင်း တောင်းပန်လျှောက်ထားသည်မှစ၍ ဝါတော်အဆုံးထိ ရေးဖွဲ့ထားလေသည်။ ဗုဒ္ဓဝင်အကျဉ်းကဲ့သို့ ရေးဖွဲ့ထားရာ အလွန်ကြည်ညိုဖွယ် ကြည်နူးဖွယ်ဖြစ်ရပါသည်။ ရွှတ်ဆို၍ ကောင်းလှသည့်လင်္ကာသွားဖြစ်ပါ၏။

ထို့နောက် ဘိုကလေး ဦးသက်ရှည် (၁၂၇၇-၁၃၁၆) ဝါတော်စဉ် စာအလင်္ကာကိုရေးဖွဲ့ရာ လေးချိုး၊ တေးထပ်၊ ရတု၊ သဖြန့် စသည်ဖြင့် ဗုဒ္ဓဝါဆိုရာနေရာတော်များကို ကွက်ကွက်ကွင်းကွင်းသရုပ်ဖော်၍ ရေးဖွဲ့ထားလေသည်။ ဗိုလ်ကလေး ဦးသက်ရှည်သည် ဝါဆိုစဉ် စာအလင်္ကာများကို ရေးဖွဲ့ခဲ့သလို ဝါဆိုရာဌာနအိန္ဒိယဘုရားဖူးခရီးသွားနတ်လမ်းညွှန်ကိုပါ စာအုပ်အတွဲလိုက် ရေးသားထုတ်ဝေခဲ့ပေသည်။ ထို့ပြင် ဝါဆိုစဉ်ချုပ်ရှင်ကိုပါ ရိုက်ကူးခဲ့ကြောင်း သိရပေသည်။

အမည်မသိ စာဆိုတော်တစ်ဦးကမူ ဘုရားကိုးဆူဆွမ်းတော်ကပ်ဝါဆိုစဉ်အမွှန်းကို သတ္တသတ္တနဝစာလီဌာနေတော်များ ကြွမြန်းပြီး တဖုဿသာလ္လိကညီနောင်နှင့် တွေ့ဆုံရာမှ စတင်ကာ ရေးဖွဲ့ထားလေသည်။

ဘုရားကိုးဆူဆွမ်းကပ်သည် ကုန်းဘောင်ခေတ်အလောင်းဘုရားလက်ထက်နောက်ပိုင်းမှ ယိုးဒယားမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ယဉ်ကျေးမှုဖြစ်ပေသည်။

ဘုရားကိုးဆူပူဇော်နည်းကို ကျီးသဲလေးထပ်ဆရာတော်က ရေးသားခဲ့ရာ လွတ်လပ်ရေးမရမီလောက်က ရေးဖွဲ့ခဲ့သောစာဖြစ်မည်ဟု သုံးသပ်ရပါသည်။

ဤသို့ ဝါဆိုစဉ်စာအလင်္ကာများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြရာ စာဆိုတစ်ဦးက ပျို့အနေနှင့် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ပျို့စာပေစာရင်းစုတွင် မတွေ့ရသောစာဖြစ်သည်။ ၉-ကြောင်းပေမူ တက္ကသိုလ်များဗဟိုစာကြည့်တိုက် အမှတ်စဉ် (၆၂၄၆) ၁၃-ရွက်၊ ၁၂၅၇ တွင် မောင်လူလှဆိုသူက ရေးကူးသည်ဟုဖော်ပြပါသည်။ ရေးကျသောစာမူတစ်ခုဖြစ်ပေသည်။

နောင် သုတေသီများအနေဖြင့် ပျို့ဆိုင်ရာစာပေစုတွင် စာရင်းသွင်းနိုင်ရန်ဖြစ်ပါသည်။ ဝါဆိုပွဲနှင့် ဝါဆိုစဉ်အကြောင်းအရာသည် ဗုဒ္ဓဘာသာတည်ရှိသရွေ့ တည်မြဲနေမည်ဖြစ်သော မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေသည်။

မန်လည်ဆရာတော်ကြီး၏ ဝါဆိုစဉ်လင်္ကာကို စာရှုသူများကြည်ညိုပွားနိုင်ရန်တင်ပြ၍ နိဂုံးပြုအပ်ပါသည်။

**"ရေးကတန္တိ၊ ပဝေဏီဖြင့်၊ နည်းမိုထုံးစံ၊အနှုန်းစံမှ၊သဟံဗြဟ္မာ၊ ဇွင့်ပန်ထွာ၍၊ ယူနောဆဲ့ရှစ်၊ ကွာလစ်ခွန့်တာ၊ မိဂဒါသို့၊ ဒေသစာရီထ၊ နေ့ချင်းကြွပြီး၊ ပုဏ္ဏရက်ဝါ၊လနွယ်တာနိုက်၊ မင်္ဂလာချမ်းမြေ့၊ ဇနေနေ့ဝယ်၊ဘုန်းဟော့မြတ်မွန်မြတ်ရွှေညာဏ်ဖြင့်၊ အပြန်သုံးဝါ၊ ဖြင်းရာဆဲ့နစ်၊ တေ့သစ်တည်၊ဘွင့်လှစ်နဲ့နက်၊ ဓမ္မစက်ကို၊ ဘဝဂ်နရက်၊ အောက်ထက်ကြေညာ၊ ဟောလှည့်ကာလျှင်၊ဗာရာဏသီ၊ဝါကပ်မှီ၏၊ဒုတိယ၊ တတိယ၊ စတုတ္ထနှင့်၊ သတ္တရသာ၊ ဝါတော်ဆင့်တိုး၊ နစ်ဆယ်ဖြိုးအောင်၊ လူမျိုးမိုရိ၊ ရာဇဂြိုဟ်ဝယ်၊ ဇေါက်ကြိုတဲ့ပြန်၊ငါးတန်ဝသာ၊ ဝါတော်မျှ၏၊ ပဋ္ဌမမှာ၊ ပြည်ဝေသာနှင့်၊ ဇြောက်ပါမကုလ၊ သတ္တမကား၊ သင်္ကဿရိန်၊တာဝတိန်ထက်၊ဒေဝိန်ဌာန၊ ရှစ်ဝါရန္ဒိုက်၊ ဘဂ္ဂတိုင်းသာ၊ ကိုးဝါတံပြီ၊ ကောသမ္ဗီနဂရ၊ ဒသမသော်၊ ရှင်တော်ဘော်နည်း၊ တစ်ပါးတည်းဖြင့်၊ ပလလည်း တောရပ်၊ တစ်ထပ်နောက်မှာ၊ ဆဲ့တဝါမူ၊ နာဠာဂါမ၊ ဒွါဒသနိုက်၊ ဝေရဥ္စပြည်၊တမည်ပေါင်းရုံး၊ ဆဲ့သုံးဆဲ့ရှစ်၊ ဆဲ့ကိုးစခ်ကား၊တွင်လစ်သည်၊ဇာလိပဗ္ဗတ၊ ဓဿသမ၊ ဇေတကျောင်းသာ၊ ဆဲ့ငါးဝါကို၊ ရွှေချက်သိုသည့်၊ ကပိုလ်ပြည်ကြီး၊ စံပျော်မှီး၏၊ ထိုပြီးနောက်မှာ၊ ဆဲ့ခြောက်ဝါသော်၊အာဠဝိပြည်မ၊ ဤသို့ ပြသား၊ ပထမဗောဓိ၊ ဝိသတိဝယ်၊ အနိဗဒ္ဓ၊ မြဲမမျှဘဲ၊ ဒေသစာရီရောက်ရာမှီ၍၊ ထိုဤပြည်ရပ်၊ ဝါတော်ကပ်၏၊နောက်ထပ်ပစ္ဆိမဗောဓိမည်ပေး၊နစ်ဆဲ့လေးကား၊ရေးသို့ ဘုန်းမော်ဇိတ်တော်မညွတ်၊ ပြည်သာဝတ်တွင်၊နိဗဒ္ဒဝါ၊အရာမရွေ့၊အရှေ့ရွှေဘုံ၊ပုဗ္ဗာရုံနှင့်၊ မြေနုံဌာန၊ ဒက္ခိဏဟု၊ နာမသမိုက်၊တောင်တိုက် ဇေတဝန်၊ ကျောင်းနှစ်ဌာန်ဝယ်၊လှည့်ဘန်ဝါရာ၊ အဌ်မျှတည်၊ပစ္ဆိမအခါ၊ဝေဠုရွာနိုက်၊ဝါတော်အဆုံး၊ ဝေနေသုံးကို၊ သိမ်းကျုံးချုတ်ကယ်၊ ကပ်ဓမ္မယ်သည်၊ လေးဆယ်ငါး၀ါတွက်ရေတည်း။ ။"**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ သိုင်းသရုပ်ပြ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှပြိုင်ပွဲဝင် အသင်း ၁၃ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၀၀ ဦး တို့ဖြင့် ဩဂုတ် ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။



**နေပြည်တော် ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် နမ့်စန်မြို့နယ် မြို့နယ်အားကစားကွင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း(ခိုလမ်) အမျိုးသားအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) အမျိုးသား(က) အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နမ့်စန်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် ဩဂုတ် ၂၈ ရက်ထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဩဂုတ် ၁၄ ရက်ညနေပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းဝင်း အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဝိတ်တန်းအလိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ဟိုပုံးတပ်နယ် အသင်းတို့ကို တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၇ ရက်မှ ဩဂုတ် ၁၄ ရက်ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

၂၀၂၃ ခုနှစ်ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် အားကစားရုံ၌ ပြုလုပ်ရာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် မိတ္ထီလာတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လေတပ်စခန်းဌာနချုပ်မှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အမျိုးသား၊ အမျိုးသမီး ဘော်လီဘော အသင်းတို့ကို ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်အသီးသီးမှ အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်းဖြင့် ဩဂုတ် ၂ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူးက ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



# အကြမ်းဖက်မှုဟူသမျှ ညီညီညွတ်ညွတ် တိုက်ဖျက်ကြ

မင်းခန့်



အကြမ်းဖက်အဖွဲ့အစည်းတွေဟာ အချိန်နေရာဒေသမရွေး အပြစ်မဲ့ပြည်သူလူထုကို ခြိမ်းခြောက်သတ်ဖြတ်လေ့ရှိကြလို့ ကမ္ဘာပေါ်မှာရှိတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ အကြမ်းဖက်ဝါဒရဲ့ခြိမ်းခြောက်မှုကို ခံနေရပါတယ်။ စစ်ရေးဆိုင်ရာပစ်မှတ်မဟုတ်တဲ့ အရပ်သားတွေ၊ အရပ်ဘက်အခြေခံ အဆောက်အအုံတွေ၊ နိုင်ငံရဲ့ အထင်ကရ အရေးပါတဲ့နေရာတွေကို တိုက်ခိုက်ဖျက်ဆီးလေ့ရှိကြတဲ့ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကမ္ဘာ့နိုင်ငံအသီးသီးကလက်မခံဘဲ အမြတ်မ်းသတိကြီးစွာထားပြီး ကာကွယ်နေကြရတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီလို အကြမ်းဖက်အဖွဲ့အစည်းများရဲ့အန္တရာယ်ကို ကာကွယ်ရာမှာ နိုင်ငံနယ်နိမိတ်၊ မတူကွဲပြားတဲ့ ဘာသာစကား၊ ကမ္ဘာ့နိုင်ငံအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒအဓိပ္ပာယ်၊ အကြမ်းဖက်မှုနဲ့ပတ်သက်တဲ့ ဥပဒေစည်းမျဉ်းများအပေါ် အငြင်းပွားနေကြရန်မလိုဘဲ ကမ္ဘာ့နိုင်ငံအသီးသီးပူးပေါင်းပြီး စုပေါင်းကာကွယ်ကြရမှာဖြစ်ပါတယ်။

ယနေ့ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့အန္တရာယ်ကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် နိုင်ငံတစ်ခုမှာ အကြမ်းဖက်မှုတွေကြီးစိုးလာပြီဆိုရင် သက်ဆိုင်ရာနိုင်ငံအတွက် ဆိုးကျိုးဖြစ်စေရုံသာမက အကြမ်းဖက်သမားများရဲ့အယူဝါဒတွေဟာ အခြားဒေသတွင်းနိုင်ငံတွေကိုပါရိုက်ခတ်လာပြီး ကမ္ဘာ့အကြမ်းဖက်အဖွဲ့များနဲ့ ချိတ်ဆက်သွားကြတာကိုတွေ့ရပါတယ်။ ဒါကြောင့် အကြမ်းဖက်သမားများရဲ့ ဆင်ခြင်တုံတရားမဲ့စွာ အပြစ်မဲ့ပြည်သူများအပေါ် ဥပဒေမဲ့ကျူးလွန်နေတဲ့ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံရေးအရ အကာအကွယ်ပေးမှုတွေရှိနေကြရင် အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားကြီးထွားလာဖို့ အခွင့်အရေးပေးသလိုဖြစ်မယ်ဆိုတာကိုလည်း သတိချပ်ရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားမကြီးထွားလာစေဖို့နဲ့ အပြစ်မဲ့ပြည်သူတွေကို ကာကွယ်နိုင်ဖို့အတွက် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေကို တစ်နိုင်ငံချင်းအလိုက် သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေစည်းမျဉ်းများအရ ကာကွယ်တားဆီးနေကြသလို နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်တိုက်ဖျက်ကြရမှာဖြစ်ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များထဲက တစ်ခုဖြစ်တဲ့ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise-TTX) ကို ဩဂုတ် ၂ ရက်မှ ၄ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာကိုတွေ့ရပါတယ်။

စားပွဲတင်လေ့ကျင့်ခန်းကို အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌတာဝန်ယူထားတဲ့ မြန်မာ၊ ရုရှားနိုင်ငံတို့အပြင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ တပ်မတော်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

လေ့ကျင့်ခန်းဒုတိယနေ့ ဩဂုတ် ၃ ရက်မှာ အမိန့်အဖွဲ့ စီမံချက်ရေးဆွဲခြင်း (Command Post Exercise) လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ကြပြီး လေ့ကျင့်ခန်းပါ စစ်ဆင်ရေးစီမံချက်ကြီးတစ်ခုလုံးကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံက ကိုယ်စားလှယ်အရာရှိကြီးများက ဦးဆောင်ဆွေးနွေးမှုများကို အခြားနိုင်ငံများမှ ကိုယ်စားလှယ်တွေက သူတို့ရဲ့အမြင်တွေ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ဆွေးနွေးကြပြီး ကောင်းမွန်ပြည့်စုံတဲ့ စီမံချက်ကြီးတစ်ခုဖြစ်လာအောင် တက်တက်ကြွကြွနဲ့ နိုင်ငံအလိုက် အလှည့်ကျပါဝင်ဆွေးနွေးကြပါတယ်။

လေ့ကျင့်ခန်းတတိယနေ့နံနက်ပိုင်းမှာတော့ နယ်မြေခံသင်တန်းကျောင်းမှာ မြန်မာ့တပ်မတော်အထူးတာဝန်တပ်ဖွဲ့ဝင်များက စွမ်းရည်သရုပ်ပြသမှုကိုလည်း တက်ရောက်ကြည့်ရှုခဲ့ကြပြီး အထူးတာဝန်တပ်ဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးများရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မာကျောမှု၊ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ လေ့ကျင့်သားပြည့်ဝမှုတွေကို နိုင်ငံအသီးသီးမှကိုယ်စားလှယ်တော်များ အသိအမှတ်ပြုခဲ့ကြပါတယ်။ နေ့လယ်ပိုင်းမှာ စားပွဲတင်လေ့ကျင့်ခန်းကို တက်တက်ကြွကြွဆက်လက်ဆောင်ရွက်ကြပြီး စီမံချက်အတွက် နောက်ဆုံးအတည်ပြုချက်ရယူနိုင်ခဲ့ကြပါတယ်။ ညပိုင်းမှာတော့ ညစာစားပွဲကျင်းပခဲ့ကြပြီး ကိုယ်စားလှယ်များအားလုံးရဲ့ သာမန်ထက်ပိုတဲ့ နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။

> ❖အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး နယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကိုပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံများရဲ့ တပ်ဖွဲ့ဝင်များကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ရည်ရွယ်ပါတယ်။ အဲ့ဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်။ ❖

ဒီလို အာဆီယံနိုင်ငံတွေအပါအဝင် အခြားသောဆွေးနွေးဖက်နိုင်ငံကြီးတွေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး စားပွဲတင်လေ့ကျင့်ခန်းတစ်ခုကို ဦးဆောင်ပြီး အောင်အောင်မြင်မြင်ကျင်းပနိုင်တာဟာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာတစ်ခုဖြစ်ပါတယ်။ ဒါ့ပြင် လတ်တလောနိုင်ငံရေးအခြေအနေတွေအရ NUG၊ PDF အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့တာကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းများရရှိစေခဲ့ပါတယ်။

လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း လေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်ခဲ့တဲ့နိုင်ငံများမှ တပ်မတော်အရာရှိကြီးများကို စိတ်အပန်းပြေစေရန်နှင့် မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိနိုင်စေရန် လေ့လာရေးအစီအစဉ်များ စီစဉ်ပေးခဲ့ရာ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ပြသထားတဲ့ လွတ်လပ်ရေးနဲ့အတူပေါက်ဖွားလာတဲ့ မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းနဲ့ ခေတ်အဆက်ဆက်ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသားပြတိုက်မှာပြသထားတဲ့ သမိုင်းမတင်မီကာလ(Prehistoric Period)ကတည်းကတည်ရှိခဲ့တဲ့ မြန်မာတို့ရဲ့ မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့တဲ့အထောက်အထားများ၊ ရှေးမြန်မာတို့ရဲ့ သမိုင်းဝင်(Historic Period) စာပေ၊ ပန်းချီ၊ ဗိသုကာနှင့် ဘာသာရေးဆိုင်ရာအထောက်အထားများ၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖော်ညွှန်းခဲ့တဲ့ ရှေးမြန်မာမင်းများ၏ သီဟာသနပလ္လင်ရဲ့ ခမ်းနားထည်ဝါမှုများ၊ ကျောက်မျက်ရတနာပြတိုက်မှာပြသထားတဲ့ မြန်မာ့တွင်းထွက်အဖိုးတန်သယံဇာတကျောက်မျက်ရတနာများကို လေ့လာခဲ့ကြပါတယ်။

ဒါ့အပြင် နေပြည်တော်ရဲ့ အထင်ကရ ဥပ္ပါတသန္တိစေတီတော်ကြီးနဲ့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်ခဲ့ကြပြီး ထေရဝါဒဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုရဲ့ အငွေ့အသက်တွေကို အပြည့်အဝခံစားနိုင်ခဲ့ကြပါတယ်။ အထူးသဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနေကဇာတင်အခမ်းအနားပြုလုပ်ပြီးနောက် ပထမဆုံးနိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံခြားသားများက လာရောက်ဖူးမြော်ခဲ့တဲ့ နိုင်ငံခြားသားဘုရားဖူးများအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဧည့်သည်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်ရှိသူများရဲ့ ရှင်းလင်းပြောကြားချက်များအရ ကမ္ဘာမှာ အလေးချိန်အကြီးမားဆုံး၊ ထုထည်အကြီးဆုံး၊ ကျောက်တုံးတော်ကြီးများကို အဝေးဆုံး ရေလမ်း၊ ကုန်းလမ်းသယ်ဆောင်မှုမှတ်တမ်းနဲ့ ဘုရားကြီးအဆင့်ဆင့်ထုဆစ်မှုနဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများကိုဆောက်လုပ်ခဲ့တဲ့ မြန်မာ့အင်ဂျင်နီယာများရဲ့စွမ်းပကားများကို ဂုဏ်ယူဝင့်ကြွားစွာ ပြသနိုင်ခဲ့ပါတယ်။

ယခုပြုလုပ်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းဟာ အာဆီယံနိုင်ငံများနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုရှိတဲ့အနက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter Terrorism) နယ်ပယ်အတွက်ဖြစ်ပါတယ်။ ဒီလေ့ကျင့်ခန်းကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ်တာဝန်ယူပြီး စားပွဲတင်လေ့ကျင့်ခန်း (TTX) ကို မြန်မာနိုင်ငံကဦးဆောင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

နယ်ပယ် ခုနစ်ခုမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ၂၀၁၁ ခုနှစ်ကတည်းကစပြီး သုံးနှစ်တစ်ကြိမ် အလှည့်ကျပူးတွဲဥက္ကဋ္ဌများအဖြစ် အာဆီယံနိုင်ငံများထဲမှ တစ်နိုင်ငံနဲ့ အပေါင်းနိုင်ငံများထဲမှ တစ်နိုင်ငံက တာဝန်ယူဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ ပထမသက်တမ်းဖြစ်တဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ အင်ဒိုနီးရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံ၊ ဒုတိယသက်တမ်းဖြစ်တဲ့ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ စင်ကာပူနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံ၊ တတိယသက်တမ်းဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ယခုစတုတ္ထသက်တမ်းကိုတော့ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ရပ်နားခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်နေတာပဲဖြစ်ပါတယ်။

ယခုလို **အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကိုပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဘက်နိုင်ငံများရဲ့ တပ်ဖွဲ့ဝင်များကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ရည်ရွယ်ပါတယ်။ အဲ့ဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုတိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်။**

အခုပြုလုပ်ခဲ့တဲ့ စားပွဲတင်လေ့ကျင့်ခန်းပုံသဏ္ဌာန်ကတော့ တည်ငြိမ်အေးချမ်းနေတဲ့နိုင်ငံတစ်နိုင်ငံကိုခြိမ်းခြောက်နေတဲ့ အကြမ်းဖက်သမားတွေကို နိုင်ငံပေါင်းစုံတပ်ဖွဲ့များနဲ့ ဝိုင်းဝန်းတိုက်ခိုက်ဖို့အတွက် လုပ်ငန်းစီမံချက်ရေးဆွဲတဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။ စားပွဲတင်လေ့ကျင့်ခန်းသတ်မှတ်အဆင့်များဖြစ်တဲ့ စစ်ဦးစီးလေ့ကျင့်ခန်း (Staff Exercise)၊ အမိန့်အဖွဲ့စီမံချက်ရေးဆွဲခြင်း(Command Post Exercise)တွေကို မြန်မာနဲ့ ရုရှားတပ်မတော်အရာရှိကြီးများက ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အခြားနိုင်ငံများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြတာ မြင်တွေ့ခဲ့ရပါတယ်။

**လေ့ကျင့်ခန်းကိုပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံတွေကိုကြည့်လိုက်ရင် ပိုင်နက်နယ်မြေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေ မတူကွဲပြားနေပေမယ့် တူညီတဲ့ဘုံရည်မှန်းချက်ကတော့ ကမ္ဘာ့မည်သည့်နေရာမှာမဆို အကြမ်းဖက်သမားတွေကိုလက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြမည်ဆိုတဲ့သဘောထားဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များမှာ ယခုလို တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးလုပ်ဆောင်နေခြင်းဖြစ်ပါတယ်။**

အမှန်တကယ်တော့ အာဆီယံနဲ့ အပေါင်းနိုင်ငံများရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ဖို့ ဖွဲ့စည်းထားတဲ့ဒီယန္တရားဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ နိုင်ငံရေး၊ ပြည်တွင်းရေးအခြေအနေတွေနဲ့ ပတ်သက်မှုမရှိပါဘူး။ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်ဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှလက်မခံနိုင်သလို ဒေသတွင်းမှာဖြစ်ပေါ်လာနိုင်တဲ့အကြမ်းဖက်မှုတွေကို ဒေသတွင်းနိုင်ငံတွေ လက်တွေ့ကျကျ ပူးပေါင်းပြီးတိုက်ဖျက်ဖို့ ဒီလိုယန္တရားတွေကို ဖွဲ့စည်းထားတာပဲဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေရဲ့ နိုင်ငံရေးအခြေအနေတွေ၊ အုပ်ချုပ်ရေးစနစ်တွေထက် ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

ပူးပေါင်းဆောင်ရွက်မှုကိုသာ အလေးထားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မိမိတို့ အာဆီယံနိုင်ငံများအကြားမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီတဲ့ သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု စတာတွေကနေ မတူညီတဲ့ နိုင်ငံရေးစနစ်တွေ၊ မတူညီတဲ့ အုပ်ချုပ်ရေးစနစ်တွေရှိနေကြတာဖြစ်ပါတယ်။ အဲ့ဒီလို မတူညီတဲ့အခြေအနေတွေကနေ တူညီတဲ့ဘုံရည်မှန်းချက်ဖြစ်တဲ့ အာဆီယံဗဟိုပြုမှုနဲ့ အရေးပါမှုကို အကောင်အထည်ဖော်ဖို့ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။



**နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးစနစ်တွေကိုအကြောင်းပြုပြီး ဒီလိုအကြမ်းဖက်မှုတိုက်ဖျက်ရေးလေ့ကျင့်ခန်းတွေကို ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုအားပေးအားမြှောက်ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်စေပါတယ်။ ဒီလေ့ကျင့်ခန်းပြုလုပ်တာနဲ့ပတ်သက်ပြီး မလိုလားတဲ့သူတွေရဲ့ အနှောင့်အယှက်အမျိုးမျိုးရှိနေခဲ့ပေမယ့် အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ခြင်းဟာ စည်းလုံးညီညွတ်မှုရဲ့ရလဒ်ပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း လေ့ကျင့်ခန်းရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "လုံခြုံမှုကိုတည်ဆောက်ဖို့ ညီညီညွတ်ညွတ်ဆောင်ရွက်ရို့"(Working in Unity, Building the Security) ဆိုတဲ့ အနှစ်သာရကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။** ပါဝင်ဆောင်ရွက်ကြတဲ့ နိုင်ငံများအလိုက်က ကိုယ်စားလှယ်တွေရဲ့အတွေ့အကြုံတွေ၊ အကြံပေးမှုတွေကလည်း လေ့ကျင့်ခန်းကြီးပြည့်စုံအောင်မြင်ဖို့အတွက် အထောက်အပံ့ကောင်းတွေဖြစ်စေခဲ့ပါတယ်။

ဒါကြောင့် ဒီလိုလေ့ကျင့်ခန်းတွေကို စဉ်ဆက်မပြတ်ပြုလုပ်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များကြားမှာ တစ်ဦးနဲ့တစ်ဦး နားလည်ယုံကြည်မှုတွေပိုမိုတိုးတက်လာပြီး ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်တဲ့နေရာမှာ လက်တွေ့ကျတဲ့ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်လာမယ်ဆိုတာ အပြည့်အဝယုံကြည်ကြောင်း အသိပေးလိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။**

**နေပြည်တော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့ရှိတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်စဉ်။**

# အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၇ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**



# အကြီးမားဆုံးခွန်အား

ရွှေညာ(ရွာတန်းရှည်)




(၁)

ယနေ့ ဖုန်းမြတ်နိုင်၏ မွေးနေ့ဖြစ်သောကြောင့် လမ်းထဲရှိကလေးများသည် ဒေါ်သူဇာ၏အိမ်သို့ ရောက်ရှိလာကြသည်။ မွေးနေ့ရှင်ဖုန်းမြတ်နိုင်နှင့် သီတာအောင်၊ သူရဇော်၊ ရန်နိုင်သူတို့ ကလေးတစ်စု ပြေးလွှားဆော့ကစားနေကြသည်။ အားလုံးသည် တစ်လမ်းတည်းအတူနေများဖြစ်ကြသလို အတန်းတူ သူငယ်ချင်းများလည်းဖြစ်ကြ၏။

"သွားတော့လေသမီးရဲ့ ဘာထိုင်လုပ်နေတာလဲ။ ဟိုမှာ သမီးသူငယ်ချင်းတွေလဲ အကုန်ရောက်နေပြီ"

မင်းအောင်၏စကားကြောင့် သဲမာ မဝံ့မရဲဖြင့် ဖုန်းမြတ်နိုင်တို့ အိမ်သို့ထွက်သွားလေသည်။ မျက်နှာသစ်၍မပြီးသေး ငိုမဲ့မဲ့မျက်နှာဖြင့် အိမ်ကိုပြန်ရောက်လာသော သဲမာကြောင့် မင်းအောင်အထိတ်တလန့် ဖြစ်သွားရလေသည်။ ဖုန်းမြတ်နိုင်၏အမေ ဒေါ်သူဇာက စကားပြောရာတွင် အပေါက်လည်းဆိုးသလို သဲမာကို သူ့အိမ်သို့လာလည်လျှင်လည်း မကြိုက်တတ်မှန်း မင်းအောင်သိထားသည်။

"ဘာဖြစ်လို့လဲသမီးရဲ့"

"ဘာမှမဖြစ်ပါဘူးဖေဖေ။ လက်ဆောင်မပါဘဲ သမီးမသွားရဲလို့"

"ဩော်. . . ဒါများသမီးရယ် ငိုစရာလား။ မေမေ သွားဝယ်နေတယ်လေ မေမေပြန်လာမှ သွားပေးလို့လဲ ရတာပဲ။ သွားသွား ဖေဖေကြည့်နေမယ်"

"သဲမာရေ. . . လာဟေ့"

သဲမာ ဝင်သွားတော့ဖုန်းမြတ်နိုင်က ခေါ်သည်။ သီတာအောင်က လက်ဆွဲပြီးစားပွဲဝိုင်းသို့ ဆွဲခေါ်သွားသည်။ ကလေးများ၏ ဖော်ရွေမှုကြောင့် သဲမာ ပျော်သွားသည်။ ခဏကြာတော့ ဖုန်းမြတ်နိုင်၏အမေ ဒေါ်သူဇာက သဲမာစားရန် မုန့်ဟင်းခါးတစ်ပွဲ လာချပေးသည်။

"ဟာ. . . မေမေကလဲ။ အဲဒါသားတို့စားပြီးသားတွေလေ။ အသစ်ထည့်ပေးလိုက်ပါလားမေမေရ"

"ဟုတ်တယ်။ သမီးတို့မကုန်တော့လို့ ပစ်ထားတာလေအန်တီ"

ကလေးနှစ်ယောက်၏စကားကြောင့် ဒေါ်သူဇာ မျက်နှာတစ်ချက်ပျက်သွားသည်။ ပြီးမှ ဣန္ဒြေပြန်ဆည်ရင်း ကလေးများကိုဆူလိုက်သည်။

"ဟယ် ဒီကလေးနှစ်ယောက် လျှာရှည်လိုက်တာ။ ငါ့ဘာသာ ဘာထည့်ထည့်ပေါ့"

သဲမာသည် ဗိုက်ကလည်း ဆာနေသည်အတွက် ကလေးပီပီရှက်ရွံ့မနေတော့ဘဲ သူ့ရှေ့မှာချထားသည့် မုန့်ဟင်းခါးပွဲကိုစားလိုက်သည်။ ဒေါ်သူဇာ၏စကားက ကြယ်လောင်စွာထွက်ပေါ်လာပြန်သည်။

"မုန့်ဟင်းခါးတစ်ပွဲ ဘယ်လောက်များမှတ်နေကြလဲမသိဘူး။ လက်ဆောင်မပါ၊ ဘာမပါနဲ့ အလကားလာစားတဲ့သူကိုများ အသစ်ထည့်ပေးရအုံးမတဲ့။ အတော်အလိုက်မသိတဲ့ဟာတွေ"

ထိုစကားကို အစအဆုံးအတိုင်းသားကြားလိုက်ရသော မင်းအောင်၏ ရင်ထဲတွင် မချိအောင် ခံစားလိုက်ရသည်။ ပိုက်ဆံမရှိ၍၊ ဆင်းရဲ၍သာ ချိုးချိုးဖဲ့ဖဲ့အနှိမ်ခံရခြင်းဟု မင်းအောင်တွေးလိုက်သည်။ သမီးဖြစ်သူ သဲမာအိမ်ပြန်ရောက်လာတော့-

"ဖေဖေ သမီးကိုမွေးနေ့လုပ်ပေးရမယ်နော်"

"သမီးရယ် မွေးနေ့လုပ်တယ်ဆိုတာ ပိုက်ဆံတွေ အများကြီးရှိမှ လုပ်လို့ရတာ။ အဖေတို့မှာ ပိုက်ဆံမရှိဘူးလေ။ ပိုက်ဆံရှိတဲ့အခါ လုပ်ပေးမှာပေါ့သမီးရယ်နော်"

"ဟင် မရဘူး မရဘူး။ ဒီနှစ်လုပ်ပေးရမယ်"

မင်းအောင်စိတ်ညစ်သွားသည်။ ဒေါ်သူဇာစကားကြောင့် ထွက်နေသောဒေါသများသည် သဲမာအပေါ် စုပုံရောက်သွား၏။

"တိတ်စမ်း သမီး၊ ပိုက်ဆံရှိရင် လုပ်ပေးမယ်လို့ ပြောပြီးပြီ။ နောက်တစ်ခါ ထပ်ပူဆာရင် နာပြီသာမှတ် ဒီမှာတွေ့လား တုတ်"

"ဖေဖေရယ် လုပ်ပေးပါဆို။ သမီးကအရုပ်လေးတွေ လက်ဆောင်လိုချင်လို့ပါ"

"ဘာ"

"ဖြန်း ဖြန်း ဖြန်း"

"လိုချင်အုံးဟာ လိုချင်အုံး"

"ဖြန်း ဖြန်း"

"မှတ်ပြီလား၊ လိုချင်အုံးလက်ဆောင်။ ပိုက်ဆံမရှိပါဘူးဆို လုပ်ချင်လိုက်တဲ့မွေးနေ့"

သဲမာသည် မင်းအောင်ရှေ့တွင် မငိုရဲသဖြင့် မီးဖိုချောင်ဘက်ကိုသွားကာ တစ်ယောက်တည်း ကျိတ်ပြီးငိုနေသည်။

"ကဲပါ သမီးရယ် မငိုပါနဲ့။ ဖေဖေက သမီးကို စိတ်ဆိုးလို့မဟုတ်ပါဘူး။ ဟိုဘက်အိမ်က ဒေါ်သူဇာကို ဖေဖေက စိတ်တိုနေတာ။ ဖေဖေလုပ်ပေးမယ်နော်"

"ဖေဖေ တကယ်ပြောတာလားဟင်၊ ကတိနော်"

"ကတိပါသမီးရယ်၊ ဖေဖေပိုက်ဆံရှာရအုံးမယ်။ ပိုက်ဆံတွေအများကြီးရပြီဆိုမှ မွေးနေ့ပွဲ အကြီးကြီး လုပ်ပေးမယ်"

သဲမာ၏မျက်နှာလေးသည် ကြည်လင်ရွှင်ပျသွားလေသည်။ အရိုက်ခံထားရသည်ကိုပင် သတိမရတော့။ မင်းအောင်သည် သဲမာ၏ခေါင်းကို အသာပွတ်ပေးရင်း ရင်ခွင်ထဲသို့ဆွဲယူကာ ပွေ့ပိုက်ထားလိုက်ပါတော့သည်။

(၂)

မင်းအောင် (၅၆) ဈေးဘက်ကိုထွက်လာခဲ့သည်။ သဲမာအတွက် အဝတ်အစားတချို့နှင့် စားစရာများကို ဝယ်လိုက်သည်။ ပြီးမှ ဖိတ်စာရိုက်သည့်ဆိုင်ကိုဝင်ကာ ဖိတ်စာ ၂၀၀ ရိုက်ခိုင်းခဲ့ပြီး အေးအေးဆေးဆေး အိမ်ပြန်လာခဲ့သည်။ ဇနီးဖြစ်သူ ရီဝင်းသည် ပစ္စည်းများကို လက်နှစ်ဖက်ဖြင့် အပြည့်ဆွဲယူလာသော မင်းအောင်ကိုကြည့်ကာ-

"ကိုမင်းအောင် အဲဒါ ဘာတွေလဲ။ တစ်ပွေ့တစ်ပိုက်နဲ့ပါလား"

"ဘာတွေဖြစ်ရမှာလဲ ရီဝင်းရယ်။ သမီးအတွက် ဂါဝန်နဲ့အင်္ကျီတွေ။ ဒါက ကျောင်းစိမ်းဝတ်စုံ။ ရှေ့နှင့်အတွက် ထဘီလဲပါတယ်။ နောက်မှနင်ကြိုက်ရာသွားဝယ်။ ဒါက ပန်းသီးနဲ့ ပျားလိမ္မော် အခုလောလောဆယ်စားဖို့"

ရီဝင်းသည် ပါးစပ်ဟောင်းလောင်းနှင့် မယုံနိုင်စွာ မင်းအောင်ကိုကြည့်နေ၏။

"ကိုမင်းအောင် ဒီလောက်ဝယ်နိုင်အောင် ရှင် ပိုက်ဆံတွေ ဘယ်ကရလာတာလဲ"

"သမီးလေး မွေးနေ့လုပ်ပေးမယ်ဆိုလို့ သူငယ်ချင်းတစ်ယောက်က ကူညီလိုက်တာ။ အခု ဖိတ်စာလဲရိုက်ခဲ့ပြီးပြီ မိန်းမရ"

"ဟုတ်မှလဲပြောပါကိုမင်းအောင်ရယ်။ ပိုက်ဆံတွေကနည်းတာမဟုတ်ဘူး။ ရှင့်မှာ အဲဒီလောက်ကူညီနိုင်တဲ့သူငယ်ချင်းကောရှိလို့လား"

မင်းအောင်သည် ရီဝင်း၏စကားကိုမကြားချင်ယောင်ဆောင်ကာ ဖိတ်ရမည့်သူများကိုသာ စဉ်းစားနေလိုက်၏။ မင်းအောင်လို တစ်နေ့လုပ်မှ တစ်နေ့စားရသူအတွက် ဖိတ်ရမည့်သူက များများစားစားမရှိ။ လက်ချိုးရေတွက်၍ရသည်။ ဘာပဲဖြစ်ဖြစ် မွေးနေ့ပွဲ စည်ကားအောင်တော့ ရိုက်ခိုင်းထားသည့် ဖိတ်စာ ၂၀၀ ကို ကုန်အောင်ဖိတ်ရမည်ဟု ဆုံးဖြတ်ထားသည်။ မင်းအောင်သည် အတွေးများဖြင့်ပင်ပျော်နေ၏။

(၃)

"ကဲ. . . ရီဝင်းရေ ငါ ဖိတ်စာလိုက်ဝေအုံးမယ်။ ဘုန်းကြီးလဲ တစ်ခါတည်းပင့်ခဲ့မယ်ကွာ"

မင်းအောင်သည် ရီဝင်းကိုပြောပြီး ဖိတ်စာများကို ကိုင်ကာ ထွက်လာခဲ့သည်။ တစ်လမ်းလုံးဖိတ်စာဝေခဲ့ပြီးနောက် ဘုန်းကြီးကျောင်းရှေ့အရောက်တွင် ရဲကားတစ်စီးကိုတွေ့လိုက်ရ၏။ မင်းအောင် ကပျာကယာဖြင့် ဘုန်းကြီးကျောင်းထဲသို့ ခပ်မြန်မြန်ဝင်လိုက်သည်။ ဘုန်းကြီးပင့်ပြီးသည့်တိုင် ကျောင်းအပြင်ကို ပြန်မထွက်ရဲသေးသဖြင့် ကျောင်းအဝင်မုခ်ဦးအောက်မှာပဲ ခဏထိုင်လိုက်သည်။ မင်းအောင်၏စိတ်တွင် စိုးရိမ်မှုများက စတင်ဝင်လာခဲ့၏။ ရဲကားကအိမ်ကိုများသွားလေသလားဟု စဉ်းစားရင်းခေါင်းကပါ မူးဝေလာသည်။ အကယ်၍ မင်းအောင်ထောင်ကျသွားလျှင် သဲမာကိုပြုစုလုပ်ကျွေးမည့်သူကမရှိ။ မင်းအောင်တွေးရင်း တစ်စတစ်စ ပူလောင်လာသည်။ ဟိုတစ်နေ့က မိမိလုပ်ခဲ့သည့် လုပ်ရပ်အတွက်လည်း နောင်တများရနေ၏။ ထိုနေ့ကအဖြစ်အပျက်များကလည်း မင်းအောင်၏စိတ်အစဉ်တွင် တရေးရေးပေါ်လာပြန်၏။

(၄)

ဒေါ်ထားခင်သည် တစ်ကိုယ်တည်းနေသည့်အပျိုကြီးဖြစ်သည်။ မူလတန်းကျောင်းအုပ်ဆရာမလည်းဖြစ်သလို ပရဟိတ ဓမ္မစကူးဆရာမလည်းဖြစ်သည်။ တူ၊ တူမများရှိသော်လည်း တစ်ယောက်တည်းသာနေလေ့ရှိပြီး နာမကျန်းဖြစ်မှသာ ခေါ်အိပ်တတ်သည်။ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် မင်းအောင်ကိုခေါ်ပြီး သန့်ရှင်းရေးလုပ်ခိုင်းတတ်သည်။ ယခုလည်း တနင်္ဂနွေနေ့မို့ မင်းအောင်သည် ဒေါ်ထားခင်အိမ်တွင် သန့်ရှင်းရေးလုပ်နေသည်။ အလုပ်သိမ်းချိန်အိမ်ပြန်ခါနီးတွင် အိမ်မကြီးပေါ်ကျနေသည့် သရက်ကိုင်းများကို ခုတ်ခိုင်း၍ မင်းအောင်တက်ခုတ်နေခြင်းဖြစ်သည်။ ထိုစဉ် မထင်မှတ်ဘဲအိမ်အပေါ်ထပ် အခန်းထဲတွင် ပိုက်ဆံများကိုရေတွက်နေသည့် ဒေါ်ထားခင်ကို ပြတင်းပေါက်ကနေ အတိုင်းသားတွေ့လိုက်ရသည်။ ဒေါ်ထားခင်သည် ပိုက်ဆံရေတွက်ပြီး ဗီရိုအတွင်းရှိ ကော်ဘူးလေးကိုပါ ထုတ်ကြည့်နေသည်။ ကော်ဘူးလေးထဲမှ ရွှေလက်ကောက်များနှင့် ရွှေဆွဲကြိုးများကို သေချာစိစစ်ပြီး ပြန်ထည့်နေ၏။ ထို့နောက် ကော်ဘူးလေးကို ဗီရိုအတွင်းသို့ အသာပြန်ထည့်ကာ သော့ကိုမခတ်ဘဲ အိမ်အောက်သို့ပြန်ဆင်းသွားသည်။ မင်းအောင်လည်း ကပျာကယာ သရက်ပင်ပေါ်မှ ဆင်းလိုက်ပြီး စောစောက ဒေါ်ထားခင် မပိတ်ခဲ့ဘဲ မေ့ကျန်ရစ်ခဲ့သည့် ပြတင်းပေါက်တံခါးကို ဝါးလုံးဖြင့် အသာလှမ်းထိုးကာ ပိတ်ထားခဲ့လိုက်သည်။

(၅)

"အဟမ်း အဟမ်း"

အပျိုကြီးဒေါ်ထားခင်၏ ချောင်းဆိုးသံသည် မထင်မှတ်ဘဲထွက်ပေါ်လာသည်။ မင်းအောင် ခေါင်းလေးပုကာ ငြိမ်နေလိုက်ပြီး နောက်ထပ်အသံမကြားရမှ လှုပ်ရှားလိုက်သည်။ မင်းအောင်အချိန်ဆွဲနေ၍ မရမှန်းသိသည်။ အိမ်နောက်ဘက်တွင်ရှိသော သရက်ပင်ပေါ်သို့ ခပ်မြန်မြန်တက်လိုက်သည်။ သရက်ပင်သည် မီးဖိုချောင်အနီးတွင်ရှိပြီး အချို့သရက်ကိုင်းများသည် မီးဖိုချောင်သွပ်မိုးပေါ်သို့ ထိုးစိုက်ပြီးကျနေ၏။ ထိုသရက်ကိုင်းများကို အသာကိုင်ရင်း မီးဖိုးချောင်၏ ခေါင်မိုးရောက်အောင် အသာလျှောက်သွားလိုက်သည်။

"ဒုန်း. . ."

လေအဝှေ့တွင် သရက်သီးတစ်လုံး သွပ်ပေါ်သို့ ပြုတ်ကျသွားသည့်အသံကြောင့် မင်းအောင် လန့်သွားသည်။ အောက်ထပ်တွင် အိပ်နေသည့် ဒေါ်ထားခင် နိုးသွားလေပြီလားဟူသော အသိစိတ်ဖြင့် အသံကို နားစွန့်နေလိုက်သည်။ နောက်ထပ်အသံမကြားရမှ မီးဖိုးချောင်ခေါင်မိုးမှတစ်ဆင့် အိမ်မကြီးဘက်ကို ကူးလိုက်သည်။ ညနေအလုပ်ကအပြန် ကိုယ်တိုင်ပိတ်ထားခဲ့သည့် အိမ်အပေါ်ထပ်ပြတင်းပေါက်အနီးသို့ ရောက်အောင်သွားပြီး တံခါးရွက်ကိုအသံမမြည်အောင်ဆွဲဖွင့်လိုက်သည်။ အလိုက်သင့်ပွင့်လာသည့် ပြတင်းပေါက်မှ အခန်းထဲသို့ခပ်မြန်မြန်ဝင်ပြီးပါလာ

စာမျက်နှာ ၂၅ သို့ ➤

# ကျောင်းကုန်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုးပန်းထိုးသင်တန်းဖွင့်

**ကျောင်းကုန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်း (ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုးပန်းထိုးသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က ဇာထိုးပန်းထိုးသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးမည့် သင်ခန်းစာများကို ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း (ပုသိမ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လဲ့လဲ့ထွန်းက သင်တန်းတွင် သင်ကြားမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသူ ဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် ဇာထိုးပန်းထိုးနည်း သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁၃ ရက်ထိ အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**တေဇလင်း**

➤ စာမျက်နှာ ၂၄မှအဆက်

သည့် လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။ တွေ့ပါပြီ ညနေကတွေ့ခဲ့ရသည့် ကော်ဘူးလေး။ ကော်ဘူးလေးကို အသာဖွင့်ကြည့်ပြီး ကျေနပ်အားရ စွာပြုံးလိုက်သည်။ ဒေါ်ထားခင်ကိုလည်း "ခွင့်လွှတ်ပါဆရာမရယ်၊ သမီးလေးအတွက်မို့ပါ"ဟု စိတ်ထဲကနေ တောင်းပန်လိုက်လေသည်။

(၆)

မင်းအောင်သည် အတွေးများကိုဖြတ်ပြီး သက်ပြင်းချလိုက်သည်။ ပျော်ရမည်ဟုထင်ထားသောမင်းအောင်သည် နောင်တအပူသောကများဖြင့်သာကြုံတွေ့ခံစားနေရ၏။ လက်ထဲက မဖိတ်ရသေးသည့် ဖိတ်စာများထဲတွင် ဆရာမဒေါ်ထားခင်အိမ်လည်းပါသေးသည်။ ဖိတ်ရကောင်းမလား၊ မဖိတ်ရကောင်းမလား မင်းအောင် စဉ်းစားရင်း မုခ်ဦးအောက်မှ ထွက်လာခဲ့သည်။ ထိုစဉ်

"မောင်မင်းအောင် မောင်မင်းအောင်"

နောက်မှခေါ်သံကြောင့် မင်းအောင်သည် နောက်ကိုလှည့်ကြည့်လိုက်သည်။ မထင်မှတ်ဘဲ ဒေါ်ထားခင်ကို တွေ့လိုက်ရသည့်အတွက် စိတ်ကသိကအောက်ဖြစ်သွားသလို ရင်လည်းတဒိတ်ဒိတ်ခုန်သွားသည်။

"ဩော် . . ဆရာမပါလား ဘယ်ကပြန်လာတာလဲ"

"မောင်မင်းအောင်ကိုတွေ့တာနဲ့ အတော်ပဲ ပြောစရာလေးရှိလို့။ သမီးလေးအတွက်မွေးနေ့ပွဲ လုပ်ပေးမလို့ဆိုပါလား။ ဆရာမကိုတောင် မဖိတ်ဘူးနော်"

"ဟုတ်ကဲ့ဆရာမ၊ ကျွန်တော်ဖိတ်မလို့ပါပဲ။ ဆရာမအိမ်မရောက်သေးလို့ပါ"

"မောင်မင်းအောင် အခုလိုသမီးလေးအတွက် မွေးနေ့ပွဲလုပ်ပေးပြီး ဘုန်းကြီးတွေကိုဆွမ်းကပ်၊ လူတွေကိုကျွေးမွေးပြုစုမယ်ဆိုတာ ကောင်းတဲ့အလုပ်မို့ ဆရာမလဲ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

"မွေးနေ့လုပ်တယ်ဆိုတာ မင်္ဂလာယူတဲ့နေ့ပဲကွဲ့။ လူသားတစ်ယောက်အတွက်တော့ မင်္ဂလာရှိတဲ့နေ့၊ နေ့ထူးနေ့မြတ်ပေါ့ကွယ်။ အဲဒီလိုနေ့ထူးနေ့မြတ်မှာ ရရှိလာတဲ့ဘဝလေးကို ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည်နေရဖို့အတွက် ဘုန်းကြီးတွေကို ဆွမ်းကပ်၊ သီလဆောက်တည်၊ တရားနာ၊ ဘာဝနာပွား၊ ကိုယ့်ရဲ့ဆွေမျိုးသားချင်းမိတ်ဆွေအပေါင်းအသင်းတွေကို ဖိတ်ပြီးကျွေးမွေးမင်္ဂလာယူကြတာ မြန်မာတို့ ဓလေ့ပဲကွဲ့"

"ဟုတ် ဟုတ်ပါတယ် ဆရာမ။ ကျွန်တော်လဲ အဲဒီသဘောပါပဲ"

"မဟုတ်သေးဘူး မောင်မင်းအောင်။ တစ်ခါတစ်ရံ မင်္ဂလာကနေ အမင်္ဂလာဖြစ်သွားတာတွေလဲရှိတတ်တယ်နော်"

ဒေါ်ထားခင်၏စကားကြောင့် မင်းအောင် တွေဝေသွားသည်။ နောက်ထပ်ဆက်ပြောလာမည့် ဒေါ်ထားခင်၏စကားကို မင်းအောင် မကြားချင်။ အမင်္ဂလာစကားများသာဖြစ်မည်ကို မင်းအောင်သိသည်။

"မင်္ဂလာယူတယ်ဆိုတာ အပြစ်ကင်းတဲ့အလုပ်ဖြစ်မှ မင်္ဂလာရှိမှာပါ။ နောက်ပြီး လှူဒါန်းတဲ့ပစ္စည်းကလဲ ကိုယ့်ရဲ့ချွေးနဲ့စာနဲ့ စင်ကြယ်သန့်ရှင်းမှ မွေးနေ့ရှင်ကော၊ လုပ်ပေးတဲ့သူကော အကျိုးရှိမှာပေါ့မောင်မင်းအောင်ရဲ့"

ဒေါ်ထားခင်သည် မင်းအောင်ကိုအကဲခတ်လိုက်သည်။ မင်းအောင်ထံမှ မည်သည့်စကားမျှထွက်မလာဘဲ ခေါင်းကိုသာ အောက်စိုက်ချထားသည်။

"အချို့သူတွေ မွေးနေ့လုပ်နေကြတယ်ဆိုတာ သူများလုပ်လို့သာ လိုက်လုပ်နေကြတာကွဲ့။ ကုသိုလ်ရဖို့လဲ မမျှော်ကိုးဘူး။ မင်္ဂလာရှိအောင်လဲ မဟုတ်ဘူး။ ဝုဏ်တုဝုဏ်ပြိုင်တွေလုပ်နေကြတာ။ အဲဒီအထဲမှာ မောင်မင်းအောင်ကို မပါစေချင်ဘူး"

"ဟုတ် ဟုတ်ကဲ့ပါဆရာမ"

"အမှားဆိုတာ မောဟမကင်းသူတိုင်းမှာ ဖြစ်တတ်ပါတယ်မောင်မင်းအောင်ရယ်။ ဘာပဲလုပ်လုပ် ဆင်ခြင်တုံတရားနဲ့လုပ်မှ အဲဒီအလုပ်က အောင်မြင်တာ၊ အကျိုးပေးတာ။ ပညာတတ်တာ မတတ်တာ၊ ဘွဲ့ရတာ မရတာတွေကို ဆရာမ မပြောလိုဘူး။ အမှားနဲ့အမှန်၊ အကောင်းနဲ့အဆိုး၊ လုပ်သင့်တာ မလုပ်သင့်တာကို ကွဲကွဲပြားပြား ဝေဖန်ပိုင်းခြားတတ်ရမယ်ကွဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဆင်ခြင်တုံတရားကင်းတဲ့ မောဟရဲ့နောက်မှာ သောကဆိုတာ အမြဲရှိလို့ပဲ။ ဟုတ်တယ်မို့လား မောင်မင်းအောင်"

မင်းအောင်သည် ဒေါ်ထားခင်ကိုမော့ကြည့်လိုက်သည်။ မင်းအောင်၏ မျက်လုံးအိမ်မှ သောကမျက်ရည်များက တသွင်သွင်စီးကျလာ၏။

"ဟုတ် ဟုတ်ပါတယ်ဆရာမ"

"ဒီတော့ မောင်မင်းအောင်ကို ဆရာမ ရှင်းရှင်းပဲ ပြောပြမယ်နော်။ ဆရာမအပေါင်ဆိုင်ကို ရောက်ခဲ့ပြီးပြီ။ အကုန်လုံးလဲ သိပြီးပြီ။ ပြီးခဲ့တာတွေလဲပြီးခဲ့ပြီ။ ဆရာမ အားလုံးကိုခွင့်လွှတ်တယ်။ မိဘတစ်ယောက်ရဲ့ သားသမီးအပေါ်မှာထားတဲ့မေတ္တာတရားကြောင့် လွဲမှားတဲ့ အလုပ်ကို လုပ်လိုက်မိတယ်လို့ နားလည်ကိုယ်ချင်းစာတယ်။ ဆရာမဘက်က သည်းခံခွင့်လွှတ်ပေးသလို မောင်မင်းအောင်ဘက်ကလဲ နောက်ဒီလို အလုပ်မျိုးမလုပ်တော့ပါဘူးလို့ ကတိလဲပေးရမယ်။ မရောင်းရသေးတဲ့ပစ္စည်းတွေကိုလဲ ပြန်ပေးမယ်ဆိုရင် မောင်မင်းအောင်ကို ဆရာမ ဘယ်မှမတိုင်ဘူး။ ဘယ့်နှယ်လဲ မောင်မင်းအောင်"

မင်းအောင်သည် ဒေါ်ထားခင်၏လက်ကိုဆွဲကာ ဒူးထောက်ထိုင်ချလိုက်သည်။ မင်းအောင်၏ မျက်ရည်စတချို့ မြေကြီးပေါ်သို့ကျသွားသည်။

"ဆရာမရယ် ကျေးဇူးတင်လိုက်တာ။ ကျွန်တော်ပြန်ပေးပါ့မယ်။ ပေါင်ထားတဲ့ရွှေဆွဲကြိုးကိုလဲ ကျွန်တော်ပြန်ရွေးပေးနိုင်အောင်ကြိုးစားပါ့မယ်နော်"

"မောင်မင်းအောင် အခုလို သဘောပေါက်နားလည်သွားတဲ့အတွက် ဆရာမဝမ်းသာပါတယ်။ ပေါင်ပြီးသားဟာကို မောင်မင်းအောင် ရွေးပေးစရာမလိုပါဘူးကွယ်။ သမီးလေးမွေးနေ့အတွက် ဆရာမရဲ့ လက်ဆောင်လို့ပဲသဘောထားလိုက်ပါ"

"ဟုတ်ကဲ့ဆရာမ ကျွန်တော်ပြန်ပေးပါ့မယ်"

"ကဲ . . . မောင်မင်းအောင် ထထ၊ နောက်ထပ် ဒီလိုခိုးတဲ့အလုပ်ကို မလုပ်မိပါစေနဲ့ မောင်မင်းအောင်။ သူများပစ္စည်းကိုခိုးတယ်ဆိုတာ တို့ဗုဒ္ဓရှင်တော်မြတ်က ခွင့်မပြုသလို အခြားဘယ်ဘာသာကမှလဲ ခွင့်မပြုဘူး။ ဒီတော့ မောင်မင်းအောင် တစ်လောကလုံးကမကြိုက်တဲ့အရာကို နောက်မလုပ်မိပါစေနဲ့"

"မလုပ်တော့ပါဘူးဆရာမ ကျွန်တော်လဲနောင်တရနေပါပြီ"

"မောင်မင်းအောင်ရယ်။ တချို့က ပိုက်ဆံမရှိရင် လူရာမဝင်ဘူး။ ဆွေမျိုးတွေကြားမှာတောင် မျက်နှာငယ်ရတယ်လို့ပြောတတ်ကြတယ်။ တကယ်တော့ ပိုက်ဆံမရှိလို့လူရာမဝင်တာမဟုတ်ဘူးကွဲ့။ စိတ်ဓာတ်မကောင်းလို့ မောင်မင်းအောင်ရဲ့။ ကိုယ်သာစိတ်ဓာတ် ကောင်းပါစေ ဘယ်ဆွေမျိုးမှ အောက်ကျခံစရာမလိုဘူး။ ကိုယ့်မှာပိုက်ဆံမရှိရင်တောင် သူတို့ဘာသာလာကူညီကြလိမ့်မယ်ဆိုတာ မြဲမြဲမှတ်ထားပါ မောင်မင်းအောင်"

ဒေါ်ထားခင်သည် ရှေ့မှာဒူးထောက်ထိုင်နေသည့် မင်းအောင်ကို ဆွဲထူလိုက်သည်။ မေတ္တာပေးလျှင် မေတ္တာပြန်ရသည်ကို ဒေါ်ထားခင်ယုံကြည်သည်။ ယုံကြည်ထားသည့်အတိုင်း မင်းအောင်အပေါ် မေတ္တာထားခဲ့သည်။ မိမိ၏မေတ္တာသည် မင်းအောင်အတွက် အကြီးမားဆုံးခွန်အားကိုဖြစ်စေချင်သည်။

## ပန်းစကား

\- ချိုသာစွာ လေပြည်သွေး
နားဝင်အေး နှစ်လိုဖွယ်၊
အမျက်မာန် ဒေါသကင်း
ချစ်ခြင်းပါကွယ်၊
ဆိုစကား တည့်လိုတကယ်
လမ်းအသွယ်သွယ် အဖျက်ကင်း၊
ကောင်းခြင်းသာ နှုတ်ဖျားထွက်လို့
ဆောင်ရွက်စေခြင်း။

\- မှုတစွာ ဆိုစေရင်း
စကားခင်း မည်သူမဆို၊
မကောင်းတာ မပြောကြား
မုသားမပို၊
လှည့်ဖြားခြင်း ကင်းကြလို
ရှင်းရန်ပြို ခင်သူပေါ၊
ရှောင်ရှားပါ ကုန်းတိုက်စကားကိုလ
ဘယ်များမပြော။

\- ကောင်းသတင်းတွေ ဆောင်သဘော
လျှောင်စရာလော စဉ်းစားပါ၊
ပြက်ရယ်ကာ စိတ်ကွက်စကား
မပြောကြားကာ၊
ပန်းစကား အလှဖြာ
မနောမှာ အေးစေသား၊
တန်ဆာဆင် ပျိုးအလှနဲ့
ဆိုကြစကား။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ညောင်ကားယားကျေးရွာနှင့် မင်တဲကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ညောင်ကားယားကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၅၃၀ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ညောင်ကားယားကျေးရွာနှင့် မင်တဲကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို အဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃၀ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင် ပုစွန်မျိုးစုံ ပိဿာချိန် ၄၄၀၀၀ တင်ပို့ခဲ့ရ



**ဖျာပုံ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင် ရေထွက်ကုန်ပုစွန်မျိုးစုံ ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ပုစွန်မျိုးစုံကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇွန်လအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၂၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ပုစွန်မျိုးစုံ ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချပေးနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်မျိုးစုံ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခြားဒေသတွေကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်တွေ အဝင်နည်းနေတာကြောင့် တင်ပို့အားတက်လာတာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေတင်ပို့ရောင်းချတဲ့လုပ်ငန်းက ဆက်စပ်သူတွေအားလုံး အဆင်ပြေပါတယ်"ဟု ဒေါ်သူသူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်အမျိုးအစားဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ မှ ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ မှ ၁၄၅၀၀၊ ပုစွန်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၂၅၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာဖြစ်သည့် ရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတုတ္ထအကြိမ်အဖြစ် ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ်၂၉ ဒသမ ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၈၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

# ပြည်ပနိုင်ငံများသို့ ဇူလိုင်လ၌ မတ်ပဲတန်ချိန် ၅၄၀၀၀ ကျော် တင်ပို့ရောင်းချခဲ့

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄၇ သန်းကျော်တန်ဖိုးရှိ မတ်ပဲတန်ချိန် ၅၄၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် မတ်ပဲသည် အများဆုံးတင်ပို့ရောင်းချပေးနေရသည့်ပဲအမျိုးအစားဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၁ သန်းတန်ဖိုးရှိ မတ်ပဲတန်ချိန် ၅၄၉၆၄ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် ၄၁၂၅၀၊ စင်ကာပူနိုင်ငံ သို့ တန်ချိန် ၂၈၀၀၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၂၀၀၀၊ ယူအေအီးနိုင်ငံသို့ ၆၂၅ တန်၊ ဂျပန်နိုင်ငံသို့ ၁၂၅ တန်၊ ထိုင်းနိုင်ငံသို့ ၆၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တန်ချိန် ၈၁၀၀ စုစုပေါင်းမတ်ပဲတန်ချိန် ၅၄၉၆၄ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မတ်ပဲသည် ပြည်ပပို့ကုန် ပဲအမျိုးအစားများတွင် ပြည်ပသို့ အများဆုံး တင်ပို့ရောင်းချပေးနေသဖြင့် ယခုနှစ် ဧပြီလမှ ဩဂုတ် ၄ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၃၄၂ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၄၅၄ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ တောင်သူများအနေဖြင့် အကျိုးအမြတ်ပိုများသော၊ စိုက်စရိတ်သက်သာသောမြေပဲနှင့် ပဲပုပ်ကို ပြောင်းလဲစိုက်ပျိုးလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ မတ်ပဲစိုက်ဧက ကျဆင်းလာမှု၊ ပဲခွဲစက်များ၏ ဝယ်လိုအားအခြေအနေများအရ မြန်မာမတ်ပဲ ဆက်လက်ဈေးကောင်းရနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# မြဝတီမြို့နယ် ဘိုတဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ ဩဂုတ် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည်အောင်မြင်စေရေးအတွက် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ရေးလုပ်ငန်းများလုပ်ကိုင်သူ အသင်းသား ၈၄ ဦးကို ငွေကျပ် ၃၆ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပြောပြ၍ သိရသည်။

**ဘိုဘို**



# ကျောက်မဲမြို့၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**ကျောက်မဲ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ကျေးရွာကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ စီမံကိန်းရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းက VDP စီမံကိန်းရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာဘာသာရပ်များ၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်းအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများ၊ သင်တန်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ခိုက်တုန်ဟုန်း၊ ကုန်းကော်၊ နောင်လှိုင်၊ ကုန်းဆာ၊ နမ့်ဟူး (ပလောင်)၊ နမ့်မော်ဖီလူး၊ ကျောက်မဲကြီးကျေးရွာတို့မှ ကျေးရွာကော်မတီဝင် ၂၁ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP)သင်ခန်းစာများကို ယနေ့မှ ဩဂုတ် ၁၉ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ဆေးဖက်ဝင် တန်ဖိုးကြီး ငါးကြီးအန်ဖတ်

**နှင်းအိ(ရာမညမြေ)**





ငါးကြီးအန်ဖတ်(Ambergris)ဆိုသည်မှာ အမည်နှင့်လိုက်အောင်ပင် ငါးမန်း၊ ဝေလငါးနှင့်လင်းပိုင်ကဲ့သို့ ကြီးမားသောငါးကြီးများမှ အန်ထုတ်လိုက်သည့် ရှားပါးသဘာဝပစ္စည်းအမည်တစ်မျိုးဖြစ်သည်။

ငါးကြီးအန်ဖတ်ကို ကြီးမားသောငါးကြီးမျိုးများမှ ရရှိသည်ဆိုသော်လည်း အမှန်အားဖြင့် Sperm အမည်ရှိသော ဝေလငါးမျိုးတစ်မျိုးတည်းမှသာ ရရှိနိုင်သည့် တန်ဖိုးကြီးရှားပါးသဘာဝပစ္စည်းဖြစ်သည်။ Sperm ဝေလငါးများ၏ အစာခြေလမ်းကြောင်းမှထုတ်လုပ်သော အညိုပုပ်ပုပ်အရောင်ရှိသည့် ကျိချွဲချွဲအရာတစ်မျိုးကို ငါးကြီးအန်ဖတ်ဟု ခေါ်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ဝေလငါးမျိုးစိတ် ၃၆ မျိုးခန့်ရှိသည့်အနက် အဆိုပါ ငါးကြီးအန်ဖတ်ရရှိသည့် Sperm Whale ၏ သိပ္ပံအမည်မှာ Physeter macrocephalus ဖြစ်၍ မျိုးစဉ်မှာ Mammalia ဖြစ်သည်။ Sperm ဝေလငါးသည် မွေးဖွားသည့်အခါ နို့တိုက်ကျွေးသောဝေလငါးရှိသည့် နို့တိုက်သတ္တဝါအမျိုးအစားဖြစ်သည်။ အရွယ်ရောက် Sperm ဝေလငါးတစ်ကောင်သည် ခန္ဓာကိုယ်အလျား ပေ ၅၀ မှ ပေ ၆၀ ကျော်ထိရှည်လျားပြီး ကိုယ်အလေးချိန်အားဖြင့် တန် ၅၀ ကျော်ထိ ကြီးထွားနိုင်ကြသည်။ ၎င်းဝေလငါးမျိုး၏ သက်တမ်းမှာ နှစ် ၆၀ ကျော်ဖြစ်ပါသည်။

**ငါးကြီးအန်ဖတ်ရရှိပုံ**

Sperm ဝေလငါးမျိုးစိတ် စားသောက်သောအစာမှာ ရေဘဝဲ၊ ပင်လယ်ငါး အစရှိသည့် ရေသတ္တဝါမျိုးများဖြစ်သော်လည်း အဓိကထားစားသုံးသောအစာမှာ Giant squid ဟုခေါ်သည့် ရေမကင်းမွန်ကြီးများဖြစ်သည်။ Sperm ဝေလငါးသည် အစားကျူးသော သတ္တဝါအမျိုးအစားဖြစ်ပြီး အစာစားနှုန်းမှာ တစ်ရက်လျှင် ခန္ဓာကိုယ်အလေးချိန်၏ သုံးရာခိုင်နှုန်းခန့် စားသုံးကြောင်းသိရသည်။ အစာရှာဖွေရာ၌ ပင်လယ်သမုဒ္ဒရာအောက် ရေအနက် မီတာ ၃၀၀ မှ မီတာ ၈၀၀ အတွင်း အစာရှာဖွေလေ့ရှိကြောင်း သိရှိရသည်။

Sperm ဝေလငါးများသည် အစာကိုလွန်ကဲစွာစားသုံးတတ်သည်နှင့်အညီ ကိုယ်လက်မအီမသာဖြစ်လာသည့်အခါ အစာအိမ်အခန်းများမှ စားသုံးခြေဖျက်ဆဲဖြစ်သည့်အစာကို ပြန်လည်အန်ထုတ်လိုက်ခြင်းဖြင့် ငါးကြီးအန်ဖတ်အဖြစ်ရရှိခြင်းဖြစ်သည်။

ငါးကြီးအန်ဖတ်ကို ပင်လယ်သမုဒ္ဒရာအတွင်း ပေါလောမျောလျက်နေခြင်းဖြင့် လည်းကောင်း၊ ပင်လယ်ကမ်းခြေကမ်းစပ်များတွင် သောင်တင်လျက်ရှိသောအနေအထားမျိုးဖြင့်လည်းကောင်း တွေ့ရှိရတတ်သည်။

**ငါးကြီးအန်ဖတ်ဖြစ်ပေါ်လာပုံ**

လတ်ဆတ်သည့်ငါးကြီးအန်ဖတ်တွင် ရေညှိနံ့လိုလို၊ မစင်နံ့လိုလို အနံ့တစ်မျိုးရှိသည်။ ငါးကြီးအန်ဖတ်သည် ရေမွှေးနံ့သာများထုတ်လုပ်သည့်နေရာတွင် အသုံးဝင်သည့်အတွက် ဈေးကွက်ထဲတွင် တန်ဖိုးကြီးကြီးဖြင့် ရောင်းချနိုင်သည်။

ငါးကြီးအန်ဖတ်ကို Sperm ဝေလငါးများ၏ အစာခြေလမ်းကြောင်းမှထုတ်လုပ်သည်။ ဝေလငါးများသည် Giant squid ဟုခေါ်သည့် ရေမကင်းမွန်ကြီးများကိုစားသည့်အခါ ထိုကင်းမွန်ကြီးများ၏ နှုတ်သီးချွန်များက ၎င်းတို့၏အူနံရံကို အနာတရမဖြစ်စေရအောင် ကျိချွဲနေသည့်အရည်တစ်မျိုး ထုတ်ပေးသည်။

ငါးကြီးအန်ဖတ်ဟု ခေါ်ဆိုကြသော အဆိုပါအကျိအချွဲများသည် အန်ရင်းဖြင့်လည်း ထွက်လာနိုင်သကဲ့သို့ မစင်နှင့်အတူ စအိုပေါက်မှ စွန့်ထုတ်လိုက်ခြင်းဖြင့်လည်း ထွက်လာနိုင်သည်။

ဝေလငါးကိုယ်ထဲမှ ထွက်လာပြီးသည့်နောက် သမုဒ္ဒရာရေမျက်နှာပြင်တွင် နှစ်ပေါင်းများစွာမျောနေပါသေးသည်။ ထိုသို့မျောနေစဉ်အတွင်း နေရောင်ခြည်နှင့်ကြာမြင့်စွာထိတွေ့သည့်အခါ အောက်ဆီဂျင်နှင့်ပေါင်းပြီး အရောင်မည်းလာကာ မာကျောလာသည်။ ထိုအခါတွင် ငါးကြီးအန်ဖတ်မှာ အရက်ပြန်လက်သန့်ဆေးထဲ၌ပါသည့် Isopropyl Alcohol ကဲ့သို့ အနံ့မျိုးရှိလာသည်။ သို့သော်လည်း အရက်ပြန်ကဲ့သို့လည်း အနံ့စူးရှခြင်းမျိုးမရှိပေ။

**ငါးကြီးအန်ဖတ်စစ်ဆေးခြင်း**

ငါးကြီးအန်ဖတ်အစစ်မှာ ဖယောင်းသားကဲ့သို့ ချောပြောင်နေပြီး အလင်းပေါက်ကာ မီးစွဲလွယ်သည်။ စစ်၊ မစစ် စမ်းသပ်ကြည့်ရန်မှာ မီးရှို့လိုက်ပါက အရက်ပြန်သုတ်ထားသကဲ့သို့ မီးလိုက်သည်။ အရောင်မှာ အဖြူနှင့် အမည်းရောင်ရှိပြီး အမည်းရောင်အမျိုးအစားက ဈေးနှုန်းပိုရကြောင်း သိရှိရသည်။

**❖ ငါးကြီးအန်ဖတ်ကို Sperm ဝေလငါးများ၏ အစာခြေလမ်းကြောင်းမှထုတ်လုပ်သည်။ ဝေလငါးများသည် Giant squid ဟုခေါ်သည့် ရေမကင်းမွန်ကြီးများကိုစားသည့်အခါ ထိုကင်းမွန်ကြီးများ၏ နှုတ်သီးချွန်များက ၎င်းတို့၏အူနံရံကို အနာတရမဖြစ်စေရအောင် ကျိချွဲနေသည့်အရည်တစ်မျိုး ထုတ်ပေးသည်။ ငါးကြီးအန်ဖတ်ဟု ခေါ်ဆိုကြသော အဆိုပါအကျိအချွဲများသည် အန်ရင်းဖြင့်လည်း ထွက်လာနိုင်သကဲ့သို့ မစင်နှင့်အတူ စအိုပေါက်မှစွန့်ထုတ်လိုက်ခြင်းဖြင့် လည်း ထွက်လာနိုင်သည်။ ❖**

**တွေ့ရှိနိုင်သည့်ဒေသများ**

ငါးကြီးအန်ဖတ်မှာ ပင်လယ်ထဲမျောနေပြီးနောက် ကမ်းရိုးတန်းဒေသတစ်ခုခုတွင် သောင်တင်လေ့ရှိသည်။ အတ္တလန္တိတ် ကမ်းရိုးတန်းတစ်လျှောက်၊ ဘရာဇီး၊ အရှေ့အိန္ဒိယ၊ တောင်အာဖရိက၊ မာဒါဂါစကား၊ အရှေ့တောင်အာရှ၊ မော်လ်ဒိုက်၊ တရုတ်၊ ဂျပန်၊ ဩစတြေးလျနှင့် နယူးဇီလန်တို့တွင် အများဆုံး တွေ့ရှိရသည်။

**အရွယ်အစား**

ငါးကြီးအန်ဖတ်မှာ အရွယ်အစားအမျိုးမျိုးရှိနိုင်သည်။ အလေးချိန် ၁၅ ကီလိုမှ ကီလို ၅၀ ခန့်ထိ တွေ့ရတတ်သည်။ ငါးကြီးအန်ဖတ်ထဲတွင် အဓိကပါဝင်သည့် ဒြပ်ပေါင်းများမှာ Ambrein၊ Ambroxan နှင့် Ambrinol တို့ဖြစ်ပါသည်။

**အသုံးပြုပုံ**

ငါးကြီးအန်ဖတ်ကို အဓိကအားဖြင့် အမွှေးနံ့သာများ ထုတ်သည့်နေရာတွင် အနံ့ပေါင်းဆေးအနေဖြင့် အသုံးပြုသည်။ အမွှေးနံ့သာနှင့်ပတ်သက်သည့် အလှကုန်ပစ္စည်းများ၊ မုန့်မျိုးစုံနှင့် ဝိုင်ကဲ့သို့သော ယမကာများ၌လည်း သုံးစွဲကြောင်း သိရသည်။ ထို့ပြင် ပရဆေးအဖြစ်လည်း သုံးစွဲကြပြီး ကာမနှင့်ပတ်သက်သော အားဆေးသဖွယ်လည်း ယုံယုံကြည်ကြည်သုံးစွဲကြပါသေးသည်။ ငါးကြီးအန်ဖတ်ကို တန်ဖိုးကြီးရေမွှေးများဖော်စပ်ရာ၌ ချုပ်ဆေးအဖြစ် အဓိကထားသုံးစွဲကြကြောင်းလည်း သိရသည်။

သို့သော်လည်း ယခုအခါ ဝေလငါးများ ရှားပါးလာမှုနှင့်အတူ ငါးကြီးအန်ဖတ်၏ဈေးကလည်း အဆမတန်ကြီးမြင့်လာသောကြောင့် ရေမွှေးထုတ်လုပ်သူများက အစားထိုးဒြပ်ပေါင်းများကို အသုံးပြုလာနေကြပြီဖြစ်သည်။


ငါးကြီးအန်ဖတ်သည် ကျောက်သွေး၊ ငှက်သိုက်၊ ကြံ့ချို၊ ကတိုးကောင်တို့ကဲ့သို့ ရှားပါးဈေးကြီးတန်ဖိုးမြင့်မားလှသည့် သဘာဝပစ္စည်းအမည်တစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားဖော်ပြအပ်ပါသည်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း

(၂) ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊အမှတ်(၂)

# မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် မတ်ပဲအိတ် ၈၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မအူပင် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် မတ်ပဲအိတ် ၈၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စိန်စိန်မြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ၆ွန်လက ၂၄ ပြည်ဝင်မတ်ပဲ အိတ် ၃၄၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်တွင် ၂၄ ပြည်ဝင် မတ်ပဲအိတ် ၈၂၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဒေသက မတ်ပဲတွေကို ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ အခုလက်ကျန်ပဲတွေကိုပဲ တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ ရောင်းအားတွေ တော်တော်တက်ခဲ့ပါတယ်။ အရင် ၆ွန်လကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူမှုအားကောင်းခဲ့တာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်စိန်စိန်မြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိ ဈေးပေါက်ပြီး အဆိုပါ မတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ



**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ

အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ

အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊

မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ

ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ

နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊



ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်

ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ဂုရ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။

ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂

# ကုန်ခံဝုံးသွားသော စွမ်းအားများ

# DAGON Malta Fresh








# နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## တဟုန်ဖန်

လျှပ်စစ်ပစ္စည်းအမျိုးမျိုး

| | | |
|---|---|---|
| ၁။ | **အရောင်းဝန်ထမ်း** | မ (၄)ဦး |
| ၂။ | **ဂိုဒေါင်မှူး** | ကျား (၄)ဦး / မ (၂)ဦး |
| ၃။ | **Marketing** | ကျား (၄)ဦး / မ (၂)ဦး |
| ၄။ | **လိုက်ကာကွင်းတပ်** | ကျား (၁)ဦး / မ (၁)ဦး |

မှတ်ချက်။ No.(၃) လူလိုင်စင်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ရှိရမည်။

လိပ်စာ။ ၆၂လမ်း၊ ၁၁၀×၁၁၁

ဖုန်း။ 09-400877100 , 09-400877900

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ နွားတပ် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိသန္တာဌေးဝင်း၏ဖခင်သည် တက္ကသိုလ်ဝင်အောင်လက်မှတ်ပါ ဦးဌေးဝင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ ဦးမြဌေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဌေးဝင်း(ခ)ဦးမြဌေး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကံမြင့် ဖြစ်ပါကြောင်း။

**ဦးကံမြင့်(၈/ပခက(နိုင်)၁၆၀၂၆၀)**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း မှ Grade-12 တွင်ပညာသင်ကြားနေသော မအိအိခိုင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတင့် ဖြစ်ပါကြောင်း။

**ဦးတင့်(၉/သစန(နိုင်)၁၀၄၈၃၁)**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း မှ Grade-12 တွင်ပညာသင်ကြားနေသော မသင်းသင်းနွယ်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးညွန့် ဖြစ်ပါကြောင်း။

**ဦးညွန့်(၉/သစန(နိုင်)၁၀၅၂၉၂)**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်နေ ဦးကိုကိုလတ် မှ **(1)The King (2)Mr.King (3)MKM (4) ရွှေညာမြေ** တံဆိပ်(၄)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးကိုကိုလတ် ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုလတ် (၉/ဝတန(နိုင်)၀၂၁၈၈၃)**

**မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၀၉-၄၄၄၄၁၄၄၆၄**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း မှ Grade-12 တွင်ပညာသင်ကြားနေသော မောင်ဝင်းကိုဦး၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်လွင် ဖြစ်ပါကြောင်း။

**ဦးအောင်လွင်(၉/သစန(နိုင်)၀၈၉၃၃၆)**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း မှ Grade-12 တွင်ပညာသင်ကြားနေသော မဝေဝေလင်း၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးပိုင်စိုး ဖြစ်ပါကြောင်း။

**ဦးပိုင်စိုး(၉/သစန(နိုင်)၁၃၉၀၆၆)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆူးကုန်းရပ်ကွက်နေ ဦးညီညီ-ဒေါ်သီတာမြင့် တို့၏သားဖြစ်သူ **မောင်ကိုကိုဦး (၉/ကဆန(နိုင်)၂၂၇၆၈၅)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးညီညီ (၉/ကဆန(နိုင်)၀၁၂၆၇၄)**

**ဒေါ်သီတာမြင့် (၉/ကဆန(နိုင်)၁၂၇၅၅၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ မြတံခွန်မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မဇွန်ဝတ်ရည် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးတုတ် ဖြစ်ပါကြောင်း။ **ဦးဖိုးတုတ် (၉/မလန(နိုင်)၀၈၆၄၇၂)**

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ အထက(ရွှေကြက်ယက်)ကျောင်း၊ Grade-10 မှ မောင်ဝင်းမင်းကို နှင့် Grade-9 မှ မမေဂျူလိုင် တို့၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်အောင် ဖြစ်ပါကြောင်း။ **ဦးအောင်အောင်(၉/အမရ(နိုင်)၀၇၀၃၁၆)**

စာအုပ်စာပေ

လှူမိတ်ဆွေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်...

❖ တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင်လည်း နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဦးစွာ တာဝန်ရှိသူများက

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ဝါဆိုစဉ် စာအလင်္ကာများ**

ဆောင်းပါး စာမျက်နှာ - ၁၉

**အကြမ်းဖက်မှု ဟူသမျှ ညီညီညွတ်ညွတ် တိုက်ဖျက်ကြ**

ဆောင်းပါး စာမျက်နှာ - ၂၂

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

(၁၅-၈-၂၀၂၃)

| | |
|---|---|
| ထားဝယ် | ၄ ဒသမ ၈၄ လက်မ |
| ဘားအံ | ၃ ဒသမ ၃၈ လက်မ |
| ရေး | ၃ ဒသမ ၃၅ လက်မ |
| ဘီးလင်း | ၂ ဒသမ ၉၉ လက်မ |
| ကော့သောင်း | ၂ ဒသမ ၈၃ လက်မ |
| မချမ်းဘော | ၂ ဒသမ ၆၄ လက်မ |
| သာပေါင်း | ၂ ဒသမ ၆၀ လက်မ |
| မအူပင် | ၂ ဒသမ ၅၆ လက်မ |
| လှည်းကူး | ၂ ဒသမ ၃၆ လက်မ |
| သထုံ | ၂ ဒသမ ၈၂ လက်မ |
| မုဒုံ | ၂ ဒသမ ၈၂ လက်မ |

